ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ ပထမဝါဆိုလဆန်း ၈ ရက်၊ ကြာသပတေးနေ့၊ (24-6-2004) (၄၂၇၄)

ဗာဟုသစ္စဥ္စ
တော် မင်္ဂလ မုတ္တမံ။

အကြားအမြင် များခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဖိလစ်ပိုင်သမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

ရန်ကုန် ဇွန် ၂၃

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဖိလစ်ပိုင်သမ္မတနိုင်ငံ၏ သမ္မတအဖြစ် ပြန်လည်ရွေးချယ်ခြင်းခံရသူ မစ္စစ် ဂလိုရီယာ၊ မာဂါပါဂလ်၊ အာရိုယိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

(သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဖိလစ်ပိုင်နိုင်ငံ ဒုတိယသမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

ရန်ကုန် ဇွန် ၂၃

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးထံမှ ဖိလစ်ပိုင်သမ္မတနိုင်ငံ၏ ဒုတိယသမ္မတအဖြစ် ရွေးချယ်ခြင်းခံရသူ မစ္စတာနိုလီဒီကာတ်စထရိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မလေးရှားနိုင်ငံ Nam Fatt Corporation Bhd. မှ ဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

ရန်ကုန် ဇွန် ၂၃

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရန်ကုန်မြို့တွင် ရောက်ရှိနေသော မလေးရှားနိုင်ငံ Nam Fatt Corporation Berhad မှ ဥက္ကဋ္ဌဖြစ်သူ Tan Sri Dato' Ajit Singh နှင့်အဖွဲ့အား ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဓေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်အတူ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် မလေးရှားနိုင်ငံ Nam Fatt Corporation Berhad မှ ဥက္ကဋ္ဌဖြစ်သူ Tan Sri Dato' Ajit Singh နှင့်အဖွဲ့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဓေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြို့တော်မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေသာချိန်ရှိပြီး မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း (၈၀) ဖြစ်သည်။

အမျိုးသားညီလာခံသည် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး၏ အရေးကိစ္စဖြစ်သည်။

The Mirror
၂၄–၆–၂၀၀၄
(ကြာသပတေးနေ့)

မိုးစပါးစိုက်ဧကများ တိုးချဲ့စိုက်ပျိုး တစ်နှစ်သုံးသီးစိုက်ပျိုးနိုင်ရေးကြိုးပမ်း

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကိုအခြေခံသော နိုင်ငံဖြစ်သည်။ စိုက်ပျိုးရေးကဏ္ဍသည် ပြည်သူများ၏စားနပ်ရိက္ခာ ပြည့်စုံဖူလုံစေရေးနှင့် ဆက်စပ်လျက်ရှိသည်။ ထို့အပြင် နိုင်ငံသူ၊ နိုင်ငံသားအများစုကြီးဖြစ်သည့် တောင်သူလယ်သမားများနှင့် ကျေးလက်နေပြည်သူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလည်းဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက စိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်မြင့်မားလာစေရန် အဘက်ဘက်က အားပေးကူညီလျက်ရှိသည်။ ယခုအခါ စိုက်ပျိုးရေးလုပ်ငန်းများအတွက် အဓိကလိုအပ်သည့် စိုက်ပျိုးရေရရှိစေရန် ဆည်မြောင်းတာတမံ၊ ရေထိန်းတံခါးပေါင်း ၁၆၀ကို တည်ဆောက်ပေးထားပြီးဖြစ်သည်။

နိုင်ငံတော်က စိုက်ပျိုးရေရရှိရေးအတွက် နည်းလမ်းအသွယ်သွယ်ဖြင့် ရှာဖွေကြံဆ စီမံဖြည့်ဆည်းပေးလျက်ရှိသည်နှင့်အညီ တောင်သူလယ်သမားကြီးများကလည်း မြေလွတ်မြေလပ်မကျန် တိုးချဲ့စိုက်ပျိုးနိုင်ရေး အားထုတ်ကြိုးပမ်းသွားကြရန် လိုအပ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် အဖွဲ့ဝင်များ လိုက်ပါလျက် ဇွန်လ ၁၅ရက်နေ့က ပဲခူးတိုင်း(အနောက်ပိုင်း) မြို့နယ်များသို့သွားရောက်၍ ရေနုတ်မြောင်းတူးဖော်ခြင်း၊ တာပတ်ခြင်းလုပ်ငန်းများနှင့် စိုက်ပျိုးရေးပညာပေးစခန်းရှိ စိုက်ပျိုးရေးနည်းပညာ သရုပ်ပြစိုက်ပျိုးခြင်းလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးခဲ့သည်။

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ခရီးစဉ်အတွင်း တာဝန်ရှိသူများ၊ တောင်သူလယ်သမားများနှင့် တွေ့ဆုံရာတွင် ပဲခူးတိုင်းအတွင်း မိုးစပါးစိုက်ဧက တိုးချဲ့စိုက်ပျိုးရေး၊ လယ်ယာမြေ ဖော်ထုတ်စိုက်ပျိုးရေး၊ တစ်နှစ်သုံးသီးစိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားခဲ့သည်။

ပြည်ခရိုင်နှင့် သာယာဝတီခရိုင်တို့တွင် သီးနှံပြောင်းလဲ စိုက်ပျိုးခြင်းနည်းလမ်း၊ ပလပ်မြေဖော်ထုတ်သည့်နည်းလမ်း၊ ဆောင်းတစ်သီးစိုက်များကို မိုးစပါးစိုက်နိုင်ရန် ဆောင်ရွက်သည့်နည်းလမ်း၊ မြေယာအသစ်များ ဖော်ထုတ်စိုက်ပျိုးသည့်နည်းလမ်းဟူသည့် နည်းလမ်းလေးသွယ်ဖြင့် မိုးကောင်းသောက် ဧရိယာ ဧကရှစ်သောင်းကျော် ဖော်ထုတ်ပြီးစီးလျက်ရှိသည်။

အချို့သော ရေကြီးကွင်း၊ ရေနက်ကွင်းများတွင် ရေသွင်းမြောင်းတူးဖော်ခြင်း၊ ရေနုတ်မြောင်းတူးဖော်ခြင်း၊ တာပတ်ခြင်းလုပ်ငန်းများဆောင်ရွက်၍ ဧရိယာဧက တစ်သောင်းကျော်ကို ရေတော်မိုးတော်စိုက်ပျိုးနိုင်ရေး ကြိုးပမ်းလျက်ရှိသည်။

ပြည်ခရိုင် ပြည်မြို့နယ် မော်ဇာကျေးရွာအုပ်စုတွင် အရှည်ပေ ၃၂၅၀၀ရှိ လော့သော့ချောင်းရေနုတ်မြောင်းကို တူးဖော်လျက်ရှိသည်။ အဆိုပါ ရေနုတ်မြောင်းတူးဖော်မှုကြောင့် မိုးစပါးစိုက်ရန် ဧက ၃၀၀ အသစ်ဖော်ထုတ်နိုင်ခဲ့သည့်အပြင် ပတ်ဝန်းကျင်ကျေးရွာများရှိ လယ်မြေ ၇၄၂ဧကကို ရေတော်မိုးတော် စိုက်ပျိုးနိုင်ရေး အထောက်အကူပြုလျက်ရှိသည်။

သာယာဝတီခရိုင် လက်ပံတန်းမြို့နယ်နှင့် သာယာဝတီမြို့နယ်အကြားတွင် အရှည်ရှစ်မိုင်ရှိသည့် ဖိုးကတိုး တာပတ်ခြင်းလုပ်ငန်းကို ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ပတ်ဝန်းကျင်ကျေးရွာများရှိ တောင်သူလယ်သမားများ ရေတော်မိုးတော် မိုးစပါးဧက ၂၇၀၀ စိုက်ပျိုးလာနိုင်မည်ဖြစ်သည်။

ပဲခူးတိုင်းအနေဖြင့် ၂၀၀၃–၂၀၀၄ ခုနှစ်တွင် လျာထားချက်ကျော်လွန်၍ စပါးဧက ၂၄သိန်းကျော် စိုက်ပျိုးနိုင်ခဲ့ပြီး နွေစပါးကို ဧကနှစ်သိန်းခြောက်သောင်းကျော် စိုက်ပျိုးနိုင်ခဲ့သည်။ ယခု ၂၀၀၄–၂၀၀၅ ခုနှစ်တွင် ပဲခူးတိုင်း(အနောက်ပိုင်း)၌ မိုးစပါးဧကတစ်သိန်းတိုးချဲ့စိုက်ပျိုးရန် လျာထားသတ်မှတ်ထားကြောင်း သိရသည်။

သို့ဖြစ်ရာ နိုင်ငံတော်က တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်အောင်မြင်စေရေး အဘက်ဘက်က အားပေးကူညီလျက်ရှိသကဲ့သို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တောင်သူလယ်သမားများကလည်း မိုးစပါးစိုက်ဧကများကို တိုးချဲ့၍ စောစောစိုက်၊ စောစောရိတ်သိမ်းပြီး ဆောင်းသီးနှံ၊ နွေစပါးနှင့် အခြားသီးနှံများအပါအဝင် တစ်နှစ်သုံးသီး စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကြည့်ရှုစစ်ဆေး

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ဒွေးလမ်း ရထားလမ်းဖောက်လုပ်ရေး စီမံကိန်း (ကျောက်ဆည်မှ မြစ်ငယ်အထိ ၁၈ မိုင်) ဖောက်လုပ်ရေးလုပ်ငန်းတွင် ရထားလမ်းအသစ်ခင်းထားမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

(ရထား)

ရထားပို့ဆောင်ရေးဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ရန်ကုန်–မန္တလေး ဒွေးလမ်းဖောက်လုပ်မှု စစ်ဆေး လူစီးတွဲနှင့်ကုန်တွဲများ ပြင်ဆင်မွမ်းမံမှု ကြည့်ရှု

ရန်ကုန် ဇွန် ၂၃

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဒုတိယဝန်ကြီး ဦးဖေသန်းလိုက်ပါလျက် ဇွန် ၂၁ရက် နံနက် ၇ နာရီတွင် မန္တလေးဘူတာကြီးသို့ ရောက်ရှိပြီး မြန်မာ့မီးရထားမှ တာဝန်ရှိသူများအား တွေ့ဆုံ၍ ဘူတာဝန်းကျင် သာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေး၊ ခရီးသွားပြည်သူများ သက်သောင့်သက်သာ နားနေနိုင်ရေး၊ မီးရထားအချိန်မှန်ရေးနှင့် ဝင်ငွေတိုးတက်မှုရှိစေရေးတို့ကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးဘူတာမှ DRC (102)အထူးရထားငယ်ဖြင့် ထွက်ခွာ၍ ရန်ကုန်–မန္တလေးရထားလမ်း မိုင်တိုင်အမှတ် (၃၇၆)ရှိ ရန်ကုန်–မန္တလေး ဒွေးလမ်းရထားလမ်းဖောက်လုပ်ခြင်း လုပ်ငန်းခွင်သို့ ရောက်ရှိသည်။ ဝန်ကြီးက လုပ်ငန်းခွင်၌ သံလမ်းအသစ် ခင်းကျင်းခြင်း၊ ကျောက်ဖြည့်ခြင်း၊ ကွန်ကရစ်ဇလီဖားတုံးများ တပ်ဆင်ခြင်းနှင့် မြေသားလုပ်ငန်း ဆောင်ရွက်ခြင်းများကို ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းတိုးတက်မှုရှိစေရေးအတွက် ဝိုင်းဝန်းကြိုးပမ်းရေး၊ မြစ်ငယ်မှ ကျောက်ဆည် (၁၈)မိုင် အပိုင်းကို အလျင်အမြန်ပြီးစီးနိုင်ရေးတို့ကို မှာကြားသည်။

မြစ်ငယ်တံတား

ဆက်လက်၍ မြစ်ငယ်တံတားကို ကြည့်ရှုစစ်ဆေးပြီး ကမ်းပါးနှင့် ရေလယ်တိုင်များကို ရေကင်းချထားပြီး ရေတိုးမှု ရှိ/မရှိ အမြဲစစ်ဆေးရန် မှာကြားသည်။

ကျောက်ဆည်ဘူတာ

ဆက်လက် ထွက်ခွာလာရာ ကျောက်ဆည်ဘူတာသို့ ရောက်ရှိပြီး ဝန်ကြီးက ဘူတာဝန်းကျင်သာယာလှပစေရေး၊ ဝင်ငွေတိုးတက်ရေး၊ အရိပ်ရပင်များ ဖြည့်တင်းစိုက်ပျိုးရေးတို့ကို မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် ကျောက်ဆည်ဘူတာမှ ပြန်လည်ထွက်ခွာလာရာ လူစီးတွဲနှင့် ကုန်တွဲစက်ရုံ(မြစ်ငယ်)သို့ ရောက်ရှိသည်။ စက်ရုံခန်းမဆောင်၌ လူစီးတွဲနှင့် ကုန်တွဲစက်ရုံ၊ စက်ရုံမှူး အထွေထွေမန်နေဂျာ ဦးထွန်းဦးက တွဲများပြင်ဆင်ရန် လျာထားမှုနှင့် ပြင်ဆင်ပြီးစီးမှု၊ စက်ရုံအတွက် လိုအပ်ပစ္စည်းများရရှိမှု၊ ပြည်တွင်းအစားထိုး ထုတ်လုပ်မှုများကိုလည်းကောင်း၊ ဒီဇယ်စက်ခေါင်းစက်ရုံ စက်ရုံမှူး အထွေထွေမန်နေဂျာ ဦးမြင့်ခိုင်က သံလမ်းပြေး RGCယာဉ်များ တီထွင်ထုတ်လုပ်မှုနှင့် လုပ်ငန်းလိုအပ်ချက်များကို လည်းကောင်း တင်ပြသည်။

ဖြည့်ဆည်း

တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက ဖြည့်စွက်တင်ပြပြီး ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းပေးသည်။ ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် စက်ရုံအတွင်း လှည့်လည်၍ လူစီးတွဲနှင့် ကုန်တွဲများ ပြင်ဆင်မွမ်းမံမှု၊ အရန်ပစ္စည်းလိုအပ်ချက်ဖြစ်သော ဘီး၊ ဝင်ရိုး၊ စပရိန်၊ ဘိုဂီများ ပြုပြင်ထုတ်လုပ်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကွန်ကရစ်ဇလီဖားစက်ရုံ

ထိုမှဝန်ကြီးနှင့်အဖွဲ့သည် ကွန်ကရစ်ဇလီဖားစက်ရုံသို့ရောက်ရှိပြီး ကွန်ကရစ်ဇလီဖား ထုတ်လုပ်နေမှု၊ ထုတ်လုပ်ပြီး ဇလီဖားတုံးများကို ရထားတွဲများပေါ်သို့ တင်ဆောင်နေမှုတို့ကို ကြည့်ရှုစစ်ဆေး၍ စံချိန်မီ ကွန်ကရစ်ဇလီဖားတုံးများကို လိုအပ်ချက်ပြည့်မီသည်အထိ စဉ်ဆက်မပြတ်ထုတ်လုပ်နိုင်ရေး၊ ထုတ်လုပ်ပြီး ဇလီဖားတုံးများကို လိုအပ်သည့် နေရာသို့ ကြန့်ကြာမှုမရှိစေဘဲ အမြန်ပို့ဆောင်နိုင်ရေးတို့ကို မှာကြားပြီး ကုန်ကြမ်းအချိန်မီရရှိရေးနှင့် လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းပေးခဲ့သည်။

(သတင်းစဉ်)

လမင်းနှင့်သူ

* လသာသည်ကို၊ အပြစ်ဆို၍
ဟိုသည်ကြိုကြား၊ လှည့်လည်သွားရင်း
စားစာဖွေမော၊ သုနက္ခောက
ဒေါမာန်ကြွကြွ၊ ဟောင်လွှန်းစွသည်
လကို ရန်စောင်သည်တည့်လေ။

* အမှောင်ကိုကြိုက်၊ ပိုးစုန်းမိုက်လည်း
သူ့၌ရောင်ဆင်း၊ ဘယ်မလင်းချေ
လမင်းကွယ်မှ၊ သူ့တွင်လှလိမ့်
အတ္တမာန်သို၊ ဣဿာပိုသည်
လကို မနာလိုတည့်လေ။

* ညအမှောင်ထု၊ အသုံးပြု၍
သူ့ဥစ္စာခိုး၊ စောရမျိုးလည်း
အကျိုးမထင်၊ လ ကြောင့်ပင်ဟု
ငြိုငြင်မျက်သို၊ ဒေါသပိုကာ
လကို ဆဲဆိုသည်တည့်လေ။

* သုနက္ခောက၊ မာန်စောင်ကြွ၍
စောရသူခိုး၊ မျက်မာန်ငြိုး၍
ပိုးစုန်းကြူးလျှင်၊ ဂုဏ်တုယှဉ်၍
အမြင်ယူလွဲ၊ ပုတ်ခတ်ဆဲစေ
မောင်းမဲငြင်ငြို၊ အမျက်သိုစေ
မလိုတမာ၊ ရှုတ်ချပါစေ
"မနာလိုသော၊ ဟောမာတော" ၌
"ဘယာဆို့နှော၊ ဝေဒနာဇော" ကြောင့်
အမောဖိုလှိုက်၊ မျက်ဖြူဆိုက်မျှ
စရိုက်ရုန့်ရင်း၊ နှောင့်ယှက်ခြင်းကို
လမင်းဂရု၊ ဘယ်မပြုတည့်
သူ့တာသူ့ဝန်၊ ထမ်းကျေပွန်သည်
မွန်မြတ်စေတနာ၊ သန့်စင်စွာလျှင်
ညီလာခံကျင်း၊ ကြယ်တစ်သင်းဖြင့်
ဝင်းပသင်းမြ၊ အဆင်းလှလျက်
လောကအလင်း၊ လက်ဆောင်နှင်းသည်
လမင်း "မိုး" မှာသာလျက်ကွယ်။ ။

မြင်းမူမောင်နိုင်မိုး

ဆန်လျှအသင်းနှစ်ပတ်လည်ကျင်းပမည်

ရန်ကုန် ဇွန် ၂၃

ရန်ကုန်မြို့လုံးဆိုင်ရာ ပရိယတ္တိသာသနာ နုဂ္ဂဟဆန်လှူအသင်းကြီး၏ (၇၈)ကြိမ်မြောက် ဩဝါဒခံယူပွဲနှင့်နှစ်ပတ်လည် ညီလာခံကို ၁၃၆၆ ခုနှစ် ပထမဝါဆိုလဆန်း ၁၁ ရက်(တနင်္ဂနွေနေ့)တွင် အသင်းတည်ရှိရာ အမှတ်(၈၉) အထက်ကြည့်မြင်တိုင် လမ်းတွင် ကျင်းပမည်ဖြစ်ရာ အသင်းသူ၊ အသင်းသားများ ကြွရောက်ကြရန် နှိုးဆော်ထားသည်။ (က–ပ)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

ဤသို့ ယုံကြည်သည့်အတိုင်း

မြင့်စိုး (နတလ)

"လောကမှာ လူတွေဟာ အရွယ်ကြောင့် သိလာနိုင်တဲ့ သိခြင်းတရားတွေ အများကြီးရှိပါတယ်။ ဒီအသိဉာဏ်တွေဟာ သမားရိုးကျစာအုပ်တွေ၊ ပုံစံတွေ၊ ဇယားတွေ၊ သီအိုရီတွေ၊ ဖော်မြူလာတွေကိုလေ့လာပြီး ဘယ်လိုမှ ရနိုင်တဲ့ အသိဉာဏ်တွေမဟုတ်ပါဘူး။ ကိုယ့်ဘဝတစ်လျှောက်လုံး မြင်ခဲ့ရတာတွေ၊ ကြားခဲ့ရတာတွေ၊ ထိတွေ့ခဲ့ရတာတွေ၊ အနိုင်ယူခဲ့ရတာတွေ၊ အရှုံးပေးခဲ့ရတာတွေ၊ အိပ်မပျော်ခဲ့ရတာတွေ၊ ချစ်ခဲ့ရတာတွေ၊ မြတ်နိုးခဲ့ရတာတွေ၊ မုန်းခဲ့ရတာတွေကနေသိခဲ့ရ၊ နားလည်ခဲ့ရတဲ့ အသိဉာဏ်တွေပါ။ တခြားလူမြင်အောင် ပြန်ပြနိုင်တဲ့ အသိဉာဏ်တွေမဟုတ်ပါဘူး"

သူတို့နှင့်ပတ်သက်၍ စဉ်းစားမိသည့်အခါတိုင်း၊ တွေးတောမိသည့်အခါတိုင်း အထက်ဖော်ပြပါ စကားစုတစ်ရပ်ကို သတိရမိသည်။ သူတို့ဆိုသည်မှာ တရားဥပဒေဘောင်အတွင်းသို့ ဝင်ရောက်ခဲ့ကြပြီးဖြစ်သော ငြိမ်းချမ်းရေးအဖွဲ့အစည်းအသီးသီးမှ တိုင်းရင်းသားခေါင်းဆောင်များ။

တစ်ချိန်က သူတို့သည် တစ်နေရာမဟုတ် တစ်နေရာ၌ အချင်းချင်းချိန်းဆိုတွေ့ဆုံတတ်ကြသည်။ မိမိတို့ ယုံကြည်သည့်အတိုင်း၊ ခံယူထားသည့်အတိုင်း ဆွေးနွေးညှိနှိုင်းတတ်ကြသည်။ ရှေ့ဆက်အကောင်အထည်ဖော်ကြမည့် စစ်ရေး၊ နိုင်ငံရေးလုပ်ငန်းစဉ်အဆင့်ဆင့်ကို ချမှတ်ခဲ့ကြသည်။ အဖွဲ့အစည်းအမျိုးမျိုးကို ပူးပေါင်းဖွဲ့စည်းတတ်ကြသည်။ တစ်နည်းအားဖြင့် ထိုခေတ်၊ ထိုအချိန်၊ ထိုကာလရှိ တည်ဆဲအစိုးရအား ဆန့်ကျင်တိုက်ခိုက်ရန်အလို့ငှာ စစ်ရေး၊ နိုင်ငံရေးနည်းလမ်းအသွယ်သွယ်ဖြင့် ပူးပေါင်းဆောင်ရွက်ကြခြင်း။ ရေရှည်ပူးပေါင်းကြတာလည်းရှိ၊ ယာယီ မဟာမိတ် ပြုတာလည်းရှိ၊ အဆင်မပြေ၍ လက်တွဲဖြုတ်ကြတာတွေလည်းရှိ၊ ကွဲကြပြဲကြတာတွေလည်းရှိခဲ့ကြသည်။

ဖြစ်သင့်သည်မှာ ပြည်ထောင်စုလှေကြီးနှင့်အတူ ပဲ့ကိုင်သူကကိုင်၊ ဝဲယာ တစ်ဖက်တစ်ချက်စီမှ တက်ညီလက်ညီ လှော်သူကလှော်၍ ရည်မှန်းချက်ပန်းတိုင်သို့ အရောက်သွားရမည့်အစား ကိုယ်ယုံကြည်ရာလမ်းအတိုင်း ရရာလှေလုပ်လျက် လှော်ခတ်ခဲ့ကြခြင်း။ တချို့က အရှေ့ကိုလှော်သည်။ တချို့က အနောက်ကိုလှော်သည်။ တချို့ကား တောင်၊ တချို့ကား မြောက် စသည်ဖြင့် ကျယ်ပြောလှသော သံသယရေပြင်ဝယ် စိတ်ထင်တိုင်း လှော်ခတ်ခဲ့ကြသည်မှာ နှစ်ပေါင်းလေးဆယ်ကျော်ခဲ့သည်။

ဤကာလအတွင်းချစ်ခြင်း၊ မုန်းခြင်း၊ ငိုခြင်း၊ ရယ်ခြင်းတို့အကြား လိပ်ပတ်လည်စွာ မွေ့ပျော်ခဲ့ကြပြီ။ လောကဓံ၏ အလှည့်အပြောင်း အထုအထောင်းများနှင့်လည်းကြုံခဲ့ပြီ။ အတ္တနှင့်ပရ၊ အမှားနှင့်အမှန် ဝေဖန်ပိုင်းခြားတတ်ခဲ့ပြီ။ မိမိအကျိုးထက် အများအကျိုး၊ တိုင်းရင်းသားလူမျိုးများ အားလုံး၏ အကျိုး၊ မိမိတို့မြို့ရွာအကျိုး၊ မိမိတို့ဒေသအကျိုး၊ ထိုမှနိုင်ငံတော် အကျိုးအတွက် ပို၍ပို၍ သယ်ပိုးထမ်းရွက်ကြရမည်ဟူသော အသိတရားများ ပိုင်ဆိုင်ခဲ့ကြပြီ။ သူတို့ဘာလုပ်ကြသနည်း။

သူတို့လုပ်ခဲ့သမျှ သေချာစွာ စေ့ငုကြည့်မည်ဆိုပါက အရာရာတိုင်းတွင် နိုင်ငံတော်အကျိုးကို ရှေ့တန်းတင်၍ စဉ်းစားဆုံးဖြတ်ခဲ့ကြကြောင်း သိသာထင်ရှားစေသည်။ အကြောင်းမှာ ငြိမ်းချမ်းရေးအတွက် ကနဦး တွေ့ဆုံဆွေးနွေးပြီဆိုကတည်းက အောက်ပါအချက်များကို အလေးထားဆွေးနွေးခဲ့ကြ၍ ဖြစ်သည်။

- ဒို့တာဝန်အရေးသုံးပါးကို ယုံကြည်သက်ဝင် လက်ခံနိုင်ခြင်း ရှိ၊ မရှိ၊
- တရားဥပဒေဘောင်အတွင်း ဝင်ရောက်နိုင်ခြင်း ရှိ၊ မရှိ၊
- မူးယစ်ဆေးဝါးတရားမဝင် ထုတ်လုပ်ရောင်းချမှု များတွင် လုံးဝပါဝင်ပတ်သက်မှုမရှိရန်နှင့် အားပေးမှုလည်း မပြုရန်။

ဆက်လက်ညှိနှိုင်းဆွေးနွေးမှုများတွင်လည်း **နိုင်ငံတော်အား ဆန့်ကျင်နေသည့် မြေပေါ်မြေအောက် အဖွဲ့အစည်းများတွင်ပါဝင်ခြင်း၊ ဆက်သွယ်ခြင်းမပြုရန်၊ နိုင်ငံရေးနှင့်ပတ်သက်၍ အမျိုးသားညီလာခံတွင်သာ ဆွေးနွေးရန်** ဆိုသည့် အချက်များ ပါဝင်ပေသည်။ ထိုအချက်များကိုလည်း ငြိမ်းချမ်းရေးအဖွဲ့အစည်း အသီးသီးက စောင့်ထိန်းလိုက်နာခဲ့ကြောင်း တွေ့ရသည်။ တစ်ချိန်က သူတို့၏ နိုင်ငံရေးဇာတ်ခုံသည် သစ်တစ်ပင်ဝါးတစ်ရုံအောက်၌ ဖြစ်ချင်ဖြစ်မည်။ တောင်စွယ်တစ်ခု တောရိပ်တစ်နေရာတွင်လည်း ဖြစ်ကောင်းဖြစ်မည်။ ထိုမှ ၁၉၉၃ ခုနှစ်တွင်ကျင်းပသော အမျိုးသားညီလာခံကြီး၌ တက်ရောက်ပါဝင်ဆွေးနွေးခွင့်ရခဲ့ကြ၏။ ဤသည်မှာ တကယ့်အမျိုးသား နိုင်ငံရေးဇာတ်ခုံပင်ဖြစ်သည်။

ထိုစဉ်က ကျင်းပခဲ့သော အမျိုးသားညီလာခံသည် အကြောင်းအမျိုးမျိုးကြောင့် ယာယီအားဖြင့် ဆိုင်းငံ့ထားခဲ့ရသည်။ သို့တစေ ထိုမည်သောအကြောင်းအမျိုးမျိုးကို ဖန်တီးသူများထဲ၌ သူတို့မပါဝင်။ မည်သို့ပင် သွေးခွဲသပ်လျှိုစေကာမူ နားယောင်ခဲ့ကြခြင်းမရှိ။ ဤသည်မှာ နိုင်ငံတော်၏ အမျိုးသားရေးမူဝါဒများနှင့် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုအပေါ် ယုံကြည်သက်ဝင်၍ဖြစ်သည်။ မိမိတို့ယုံကြည်သက်ဝင်သည့်အတိုင်း မယိမ်းမယိုင် ဆက်လက်ရပ်တည်ခဲ့ကြသည်။

ဤသို့ ယုံကြည်သည့်အတိုင်း နိုင်ငံတော်ဝန်ကြီးချုပ်၏ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အပေါ် လှိုက်လှဲစွာ ကြိုဆိုထောက်ခံခဲ့ကြသည်။ ၎င်းအပြင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်များ အောင်အောင်မြင်မြင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်ကြမည်ဖြစ်ကြောင်း အောက်ဖော်ပြပါ ငြိမ်းချမ်းရေးအဖွဲ့အစည်း အသီးသီးက ယှဉ်တွဲပါ နေ့ရက်များအလိုက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံ လာရောက်တွေ့ဆုံရှင်းလင်းတင်ပြခဲ့ကြသည်။

- ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၂)အဖွဲ့ ၁၇–၁၁–၂၀၀၃
- ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ (၃)အဖွဲ့ ၂၁–၁၁–၂၀၀၃
- ကချင်ပြည်နယ် အထူးဒေသ(၂)အဖွဲ့ ၂၉–၁၁–၂၀၀၃
- ကချင်ပြည်နယ် အထူးဒေသ (၁)အဖွဲ့ ၅–၁၂–၂၀၀၃
- ကယန်းပြည်သစ်ပါတီအဖွဲ့ ၂၅–၁၂–၂၀၀၃
- ရှမ်းပြည်နယ်(တောင်ပိုင်း) အထူးဒေသ (၆) ၂၇–၁၂–၂၀၀၃
  PNO ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်
- ကယားပြည်နယ် အထူးဒေသ (၂)အဖွဲ့ ၃–၁–၂၀၀၄
- ရှမ်းပြည်နယ် လူမျိုးပေါင်းစုံလွတ်မြောက်ရေးအဖွဲ့ ၇–၁–၂၀၀၄
- ကယားပြည်နယ် အထူးဒေသ(၁)အဖွဲ့ ၉–၁–၂၀၀၄
- ရှမ်းတိုင်းရင်းသားအဖွဲ့ (ရွှေပြည်အေး) ၁၄–၁–၂၀၀၄
- ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၁)အဖွဲ့ ၁၉–၁–၂၀၀၄
- ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၅)အဖွဲ့ ၂၂–၁–၂၀၀၄
- ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၇)အဖွဲ့ ၂၃–၁–၂၀၀၄
- ရခိုင်တိုင်းရင်းသားကိုယ်စားလှယ်အဖွဲ့ ၂၇–၁–၂၀၀၄
  (အောင်ဇေယျငြိမ်းချမ်းရေးရွာ)
- ရှမ်းပြည်နယ် (အရှေ့ပိုင်း) အထူးဒေသ(၄)အဖွဲ့ ၁၅–၂–၂၀၀၄
- မွန်ပြည်သစ်ပါတီအဖွဲ့ ၂၃–၂–၂၀၀၄

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်တွင် အတိအလင်းဖော်ပြထားသကဲ့သို့ ပထမအဆင့်အဖြစ် ၁၉၉၆ ခုနှစ်မှ စတင်၍ ယာယီအားဖြင့် ဆိုင်းငံ့ထားခဲ့သော အမျိုးသားညီလာခံကြီးကို ၂၀၀၄ ခုနှစ် မေလ ၁၇ ရက်နေ့မှစတင်၍ ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမတွင် ပြန်လည်ကျင်းပနေပြီဖြစ်သည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် နိုင်ငံသားအားလုံး၏ အမျိုးသားရေးတာဝန်ဖြစ်သည်။ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ဖြစ်ထွန်းရေးအတွက် အခြေခံကျသော ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့်မူများကို ဤညီလာခံကြီးက ချမှတ်ပေးမည်ဖြစ်သည်။

သို့ဖြစ်ရာ တိုင်းရင်းသားငြိမ်းချမ်းရေးအဖွဲ့အစည်း အသီးသီးမှ ညီလာခံကိုယ်စားလှယ်များအနေဖြင့်လည်း အခြားသော ညီလာခံကိုယ်စားလှယ်များနှင့်အတူ သက်ဆိုင်ရာအစုအဖွဲ့များတွင် ပါဝင်တက်ရောက် ဆွေးနွေးလျက်ရှိကြသည်။ နိုင်ငံအကျိုး၊ တိုင်းရင်းသားပြည်သူအားလုံး၏ အကျိုးကို ရှေးရှုလျက် ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲ၊ ဒေသစွဲ၊ လူမျိုးစွဲမပါဘဲ မိမိတို့၏ ဆန္ဒသဘောထားများ၊ အကြံပြုချက်များကို တက်တက်ကြွကြွတင်ပြခဲ့ကြသည်။ အနာဂတ်နိုင်ငံတော်အတွက် စိတ်ချမ်းမြေ့စရာ ကောင်းလှပါဘိ။

နှစ်ပေါင်းလေးဆယ်ကျော် ဖက်တွယ်လာခဲ့ကြသော လက်နက်ကိုင်လမ်းစဉ်သည် မိမိတို့လူမျိုး၊ မိမိတို့ဒေသအပေါ် မည်သို့မျှ အကျိုးမပြုနိုင်ကြောင်း သူတို့ယုံကြည်ခဲ့ကြသည်။ ငြိမ်းချမ်းရေးသည်သာ ဒေသအတွက် မင်္ဂလာရှိသော အရာခပ်သိမ်းကို ဆောင်ကြဉ်းပေးနိုင်ကြောင်း သူတို့ယုံကြည်ခဲ့ကြသည်။ မိမိတို့ သွေးချင်းသားရင်းတိုင်းရင်းသား ညီအစ်ကိုမောင်နှမများအကြား တိုင်းရင်းသား စည်းလုံးညီညွတ်မှုစိတ်ဓာတ်နှင့် ဘယ်သူခွဲခွဲ ဒို့မကွဲ အမြဲစည်းလုံးမည်ဆိုသည့် သဘောထားခံယူချက်များ တိုးပွားဖြစ်ထွန်းခိုင်မြဲစေဖို့ အစဉ်ထာဝရလိုအပ်ကြောင်း သူတို့ယုံကြည်ခဲ့ကြသည်။ ထို့ပြင်တစ်ဝ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည် နိုင်ငံသားအားလုံး၏ အမျိုးသားရေးတာဝန်ဖြစ်ကြောင်း သူတို့ယုံကြည်ခဲ့ကြသည်။ ဤသို့ယုံကြည်သည့်အတိုင်း...။ ။

ဘိန်းဖြူများ လားရှိုး၌ဖမ်းမိ

ရန်ကုန် ဇွန် ၂၃

နယ်မြေခံထောက်လှမ်းရေးတပ်ဖွဲ့ဝင်များ၊ မူးယစ်(အထူး) တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားအဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၁၀ ရက်တွင် လားရှိုးမြို့ ရပ်ကွက်(၈) နယ်မြေ(၂) သရဖီလမ်း အမှတ်(၁)နေ ဦးဇော်လှိုင်၏သမီး ဒေါ်နန်းညိမ်၏ နေအိမ်သို့ သတင်းအရဝင်ရောက်စစ်ဆေးရှာဖွေခဲ့ရာ အိမ်ရှင်ဒေါ်နန်းညိမ်အား မတွေ့ရှိဘဲ ယင်း၏သားများဖြစ်သည့် ချိန်ရိတ်နှင့်လဂျာတို့ နှစ်ဦးအား ဘိန်းဖြူ ၅ ဒသမ ၈၀၅၈ ကီလိုနှင့်အတူ ဖမ်းဆီးရမိသည်။

အဆိုပါ ဖမ်းဆီးရမိတရားခံများနှင့် မူးယစ်ဆေးဝါးများကို သက်ဆိုင်ရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့စခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအမှုဖွင့် အရေးယူ ဆောင်ရွက်လျက်ရှိသည်။ **(သတင်းစဉ်)**

တောင်တွင်းကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဖျောက်ဆိပ်ကုန်းကျေးရွာတွင် ဆောက်လုပ်လျက်ရှိသော ကျေးလက်အိမ်ရာ တည်ဆောက်ရေးလုပ်ငန်းသို့ ဇွန် ၈ ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးညိုဝင်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးအောင်ကြီးတို့ ကြည့်ရှုစစ်ဆေးကြစဉ်။ (က–ပ)

ရခိုင်ပြည်နယ် လေဘေးဒုက္ခသည်များအတွက် အလှူငွေများ ပေးအပ်

ရန်ကုန် ဇွန် ၂၃

ရခိုင်ပြည်နယ် လေဘေးဒုက္ခသည်များအတွက် မြန်မာပြည် တရုတ်အမျိုးသား ကုသိုလ်ဖြစ်အသင်းက မြန်မာနိုင်ငံကြက်ခြေနီအသင်းသို့ အလှူငွေပေးအပ်ပွဲကို ယမန်နေ့နံနက် ၁၁ နာရီတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာပြည် တရုတ်အမျိုးသား ကုသိုလ်ဖြစ်အသင်း ဥက္ကဋ္ဌ ဦးမောင်သန်းနှင့်အမှုဆောင်အဖွဲ့က အလှူငွေကျပ် ၃၀၀၀၀၀ ကိုပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ခေတ္တ ဥက္ကဋ္ဌ ဒေါက်တာထွန်းစိန်က လက်ခံပြီး ကျေးဇူးတင်ဂုဏ်ပြုလွှာကို ပြန်လည်ပေးအပ်သည်။ **(သတင်းစဉ်)**

ဝါဆိုသင်္ကန်း ဆက်ကပ်မည်

ရန်ကုန် ဇွန် ၂၃

ဗုဒ္ဓပူဇနိယ ဆီမီး ၉၉၀၀ အဖွဲ့ကကြီးမှူး၍ ဩဂုတ် ၂၂ရက်တွင် အင်းစိန်ရွာမ အနောက်ညောင်ပင်သာကျောင်းတိုက်၌ကျင်းပမည့် သတ္တမအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်ပွဲအတွက် အင်းစိန်ဈေးကြီးရှေ့ လှိုင်မြစ်လမ်းနေ ဦးအောင်ဝင်း–ဒေါ်ခင်ပြုံးဝင်း(ကုန်စုံဆိုင်)မိသားစုက အလှူငွေ ကျပ် ၉၉၀၀၀ ပေးအပ်လှူဒါန်းရာ အဖွဲ့ နာယက ဦးစိုးဝင်း(စဥ့်ကူစိုးဝင်း)နှင့်အဖွဲ့က လက်ခံရယူသည်။ လှူဒါန်းလိုသူများ ဝါဆိုသင်္ကန်းတစ်စုံလျှင် ကျပ် ၁၈၀၀ ဖြင့် ဆီမီး ၉၉၀၀ အဖွဲ့ ဖုန်း–၆၄၀၄၈၇၊ ၆၄၀၄၈၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၄–၆–၂၀၀၄ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ မျိုးချစ်တပ်မတော်
၄:၂၀	၄။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၄:၂၅	၅။ မြန်မာသံစဉ်ချိုနားဝင်
၄:၃၅	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၅	၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
၄:၅၅	၈။ မျိုးချစ်တပ်မတော်
၅:၀၅	၉။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** (က) မြန်မာစာ (အထူးပြုအားလုံး) (ခ) နိုင်ငံတော်မျက်နှာ
၅:၄၅	၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၂။ နိုင်ငံတကာသတင်း
၆:၂၀	၁၃။ မိုးလေဝသသတင်း
၆:၂၅	၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀	၁၅။ မြန်မာ့ရှုခင်း
၆:၄၀	၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ရတနာရွှေအိုး (အပိုင်း–၈)**
၈:၀၀	၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
	၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
	၂၂။ ယနေ့ညအတွက် တေးလက်ဆောင်
	၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း သိုင်းမင်းသားလေးနှင့် ရွှေမင်းသမီး (ဒုတိယတွဲ) (အပိုင်း–၃၀)**
	၂၄။ သင့်အတွက်မနက်ဖြန်
	၂၅။ အပိတ်နှုတ်ဆက်စကား
	၂၆။ ပြီးပါပြီ။

အီရတ်ကို တိုက်ခိုက်မှု ဘုရှ်အစိုးရ၏ အမှားဖြစ်

အီရတ်ပြည်သူများ၏ဘဝကို ကောင်းမွန်အောင် လုပ်မပေးနိုင်ခဲ့ကြောင်း ကလင်တန်ဝေဖန်

နယူးယောက် ဇွန် ၂၂

ကုလသမဂ္ဂလက်နက်စစ်ဆေးရေးမှူးများက အီရတ်နိုင်ငံတွင် ဝှက်ထားသည်ဆိုသော ဖျက်အားပြင်း လက်နက်များကို ရှာဖွေနေသည့် လုပ်ငန်းမပြီးဆုံးမီ အမေရိကန်သမ္မတ ဘုရှ်အစိုးရသည် အီရတ်ကို စစ်ကြေညာကာ တိုက်ခိုက်ခဲ့သည်။ ထိုလုပ်ရပ်သည် အချိန်မတိုင်မီ ဆောင်ရွက်ခဲ့သောလုပ်ငန်းဖြစ်၍ မှားယွင်းသော လုပ်ရပ်ဖြစ်သည်ဟု အမေရိကန်သမ္မတဟောင်း ဘီလ်ကလင်တန်က ပြောကြားသည်။

အမေရိကန်သမ္မတဟောင်း ဘီလ်ကလင်တန်သည် တိုင်းမ်မဂ္ဂဇင်းနှင့် တွေ့ဆုံမေးမြန်းခန်း ပြုလုပ်ခဲ့ရာတွင် ဘုရှ်အစိုးရသည် အီရတ်နိုင်ငံကို အချိန်မကျမီ တိုက်ခိုက်ခဲ့ခြင်းဖြင့် မှားယွင်းသော လုပ်ရပ်ကို လုပ်ခဲ့ခြင်း ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အကျိုးရှိ

အကယ်၍သာ အီရတ်နိုင်ငံကို တိုက်ခိုက်ရာ၌ အများ၏ ထောက်ခံမှုကိုရပြီး၊ အီရတ်နိုင်ငံတွင်း လုံခြုံမှုနှင့် တည်ငြိမ်မှုကို ဖန်တီးပေးနိုင်ကာ အီရတ် ပြည်သူများ၏ဘဝကို ပိုမိုကောင်းမွန်လာအောင် ဆောင်ရွက်ပေးနိုင်မည်ဆိုလျှင် အီရတ်ကို စစ်ပြုရသည်မှာ အကျိုးရှိသည်ဟု မိမိမြင်သည်။ ထို့အပြင် ဆော်ဒီအာရေဗျ ပြည်တွင်းနှင့် အခြား ဝန်းကျင်နိုင်ငံများ၏ နိုင်ငံရေးအပြောင်းအလဲကိုပါ ဖြစ်ပေါ်လာစေရန် အီရတ်စစ်ပွဲက ဖန်တီးနိုင်ခဲ့လျှင် ထိုလုပ်ရပ်သည် လုပ်ထိုက်သည်ဟု ကျွန်ုပ် ရှုမြင်သည်ဟု သမ္မတဟောင်း ကလင်တန်က ဆိုသည်။

တွေ့ဆုံမေးမြန်း

အီရတ်နိုင်ငံတွင် အကြမ်းဖက်သမားများ ခြေချကာ အင်အားတိုး ပွားခွင့်ရရှိသွားမည့် အခြေအနေထက်စာလျှင် ထိုနိုင်ငံသည် ဆက်ဒမ်၏ လက်အောက်တွင် ရှိနေသည်ကမှ ပိုမိုကောင်းမွန်လိမ့်ဦးမည်ဟု မိမိ ထင်မြင်ကြောင်း ကလင်တန်က တွေ့ဆုံမေးမြန်းခန်းတွင်ဖြေကြား သွားသည်။ သမ္မတဟောင်းနှင့် တိုင်းမဂ္ဂဇင်းတို့၏ တွေ့ဆုံမေးမြန်း ခန်းမှာ မိနစ် ၆၀မျှ ကြာသည်ဟု ဆိုသည်။

စွန့်ခွာသွား

အီရတ်စစ်ပွဲသည် ၂၀၀၃ ခုနှစ် မတ်လတွင် စတင်ဖြစ်ပွားခဲ့သည်။ ထိုစစ်ပွဲမစတိုင်မီ ကုလသမဂ္ဂလက်နက် စစ်ဆေးရေးမှူးများ အီရတ်နိုင်ငံကို စွန့်ခွာသွားခဲ့ကြသည်။ ထိုအချိန်အထိ အမေရိကန် အထက်တန်းအရာရှိများသည် အီရတ်နိုင်ငံတွင် ပိတ်ပင်ထားသော ဖျက်အားပြင်း လက်နက်များ ရှိနေကြောင်း အခိုင်အမာ ပြောကြားခဲ့သည်။

ပြောကြား

စစ်ပွဲပြီးဆုံးသွားပြီး လများစွာကြာသောအခါ အီရတ်နိုင်ငံတွင် လူအစုလိုက် အပြုံလိုက်သေစေသော ဖျက်အားပြင်းလက်နက်များ သိမ်းဆည်းထားခြင်းမရှိဟု ဒေးဗစ်ကေးက ပြောကြားခဲ့သည်။ ၎င်းသည် အမေရိကန် လက်နက်စစ်ဆေးရေးမှူးဟောင်းတစ်ဦးဖြစ်သည်။

အင်တာနက်။



ဇွန် ၁၄ ရက်က ဘဂ္ဂဒက်မြို့ အဘူဂါရိပ် အကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်လာသည့် အီရတ်တစ်ဦးအား ပွေ့ဖက်နှုတ်ဆက်နေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်မှကျူးကျော်တပ်များရုပ်သိမ်းရေး

ဘာစီလိုနာတွင် ဆန္ဒပြ

မဒရစ် ဇွန် ၂၂

ဆန္ဒပြသူ ၃၅၀၀ ခန့်သည် စပိန်နိုင်ငံ ဘာစီလိုနာမြို့လယ်တွင် တနင်္ဂနွေနေ့က စုရုံးကာ အီရတ်မှ သိမ်းပိုက်ရေးတပ်ဖွဲ့ဝင်များရုပ်သိမ်းရေးကိုတောင်းဆိုကြသည်။

ယင်းဆန္ဒပြပွဲကို အကျူရမ်လာဂီရာအဖွဲ့က ကြီးမှူးကျင်းပခြင်း ဖြစ်ပြီး အီရတ်ပြည်သူလူထုထံ နိုင်ငံရေးနှင့် စီးပွားရေးအချုပ်အခြာအာဏာအမြန်ဆုံး ပြန်လည်အပ်နှင်းရန် တောင်းဆိုကြသည်ဟုတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဆန္ဒပြပွဲကျင်းပစဉ်အတွင်း ဆန္ဒပြသူများက အမေရိကန်သမ္မတ ဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ်နှင့် ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲတို့ကို ဆန့်ကျင်သည့် ကြွေးကြော်သံများ ဟစ်ကြွေးကြသည်။

ဖော်ပြပါအဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ တူဘောက ဇွန် ၈ ရက်က ထုတ်ပြန်သည့် ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်ကို ရှုတ်ချသည့် ကြေညာချက်ကို ဖတ်ကြားပြီး ယင်းဆုံးဖြတ်ချက်၌ အမေရိကန်က အီရတ်တွင် နိုင်ငံရေးအရ စစ်ဘက်ဆိုင်ရာအာဏာများကို တရားဝင်ဖြစ်စေရန် ဆောင်ရွက်ထားခြင်းသာ ဖြစ်ကြောင်း ဆက်လက်ဖတ်ကြားသည်။

ယင်းဆန္ဒပြပွဲကို အမေရိကန်က အီရတ်အစိုးရထံ ဇွန် ၃၀ ရက် အာဏာလွှဲပြောင်းခြင်းမပြုမီ အကြိုကာလတွင် ကျင်းပခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်တွင်ပေါ်တူဂီအရပ်သားသေဆုံးမှု နိုင်ငံခြားရေးဌာန အတည်ပြု

လစ္စဘွန်း ဇွန် ၂၂

အီရတ်နိုင်ငံတောင်ပိုင်းဒေသတွင် ဗုံးပေါက်ကွဲမှုကြောင့် ပေါ်တူဂီအရပ်သားတစ်ဦးဖြစ်သည့် မွန်တီရီယိုအဘီဟာ သေဆုံးကြောင်း ပေါ်တူဂီနိုင်ငံခြားရေးဌာနက စနေနေ့တွင် အတည်ပြုပြောကြားလိုက်သည်။

အတည်ပြု

ပေါ်တူဂီအရပ်သားသေဆုံးမှုကို ဘဂ္ဂဒက်ရှိ ဗြိတိသျှသံရုံးက အတည်ပြုပေးခြင်းဖြစ်ကြောင်း ကောင်စစ်ဝန်ရုံးရေးရာနှင့် ပေါ်တူဂီလူမျိုးရေးရာဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဘင်တိုက ပြောကြားသည်။

ဗြိတိသျှတပ်ဖွဲ့ဝင်များ ဖြန့်ကြက်ချထားရာ ဘာရီရာမြို့အနီးတွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားခြင်းဖြစ်သည်။

မွန်တီရီယိုသည် ရေနံထုတ်လုပ်ရေးကော်ပိုရေးရှင်းတွင် လုံခြုံရေးအစောင့်အဖြစ် လုပ်ကိုင်နေသူဖြစ်ပြီး ဒေသဆိုင်ရာ ပေါ်တူဂီသံရုံးတွင် မှတ်ပုံတင်ထားခြင်း မရှိသောကြောင့် ၎င်းသေဆုံးမှုနှင့် ပတ်သက်ပြီး ၎င်း၏ မိသားစုနှင့် ဆက်သွယ်ရန် ခက်ခဲနေကြောင်း ပေါ်တူဂီ တာဝန်ရှိပုဂ္ဂိုလ်ကပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံတွင် သေဆုံးသည့် ကန်တပ်ဖွဲ့ဝင်ဦးရေ ၈၄၀ရှိပြီ

ဘဂ္ဂဒက် ဇွန် ၂၂

အီရတ်နိုင်ငံတွင် လွန်ခဲ့သည့်နှစ် မတ်လက စစ်ရေးအရ စတင်ဆင်နွှဲခဲ့ချိန်မှ ယခုနှစ် ဇွန် ၂၂ရက်အထိ သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၈၄၀ဦးရှိသွားပြီဖြစ်ကြောင်း၊ ယင်းအနက် ၆၂၀ဦးမှာ တိုက်ခိုက်မှုများကြောင့် သေဆုံးရခြင်းဖြစ်ပြီး ၂၂၀ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးရခြင်းဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

အီရတ်နိုင်ငံ၌ အဓိကစစ်ဆင်မှုများပြီးဆုံးပြီဖြစ်ကြောင်း အမေရိကန်သမ္မတဘုရှ်ကြေညာခဲ့သည့် ၂၀၀၃ခုနှစ် မေ၁ရက်နောက်ပိုင်း အီရတ်၌ သေဆုံး သည့်အမေရိကန်တပ်ဖွဲ့ဝင် ၇၀၂ဦးဖြစ်ကြောင်း၊ ယင်းအနက် ၅၁၁ဦးမှာ တိုက်ခိုက်မှုများကြောင့် သေဆုံးရခြင်းဖြစ်ပြီး ၁၉၁ဦးမှာ အခြားအကြောင်းများ ကြောင့် ဖြစ်ကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာက အင်္ဂါနေ့တွင် ထုတ်ပြန် ကြေညာသည်။

အီရတ်စစ်ပွဲစတင်ချိန်ကတည်းက ဒဏ်ရာရရှိသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၅၂၇၁ဦးရှိသည်။

အင်တာနက်။

အီရတ်ဒေသအချို့တွင် အပင်ရောဂါ အသစ်အဆန်းတစ်မျိုး ဖြစ်ပွား

ဘဂ္ဂဒက် ဇွန် ၂၂

ယခင်က ကြုံတွေ့ရခြင်း မရှိခဲ့သည့် အပင်ရောဂါအသစ်အဆန်းတစ်မျိုးသည် အီရတ်နိုင်ငံမြောက်ပိုင်းရှိ စိုက်ခင်းအချို့တွင် ဖြစ်ပွားနေသည်ဟု အီရတ်စိုက်ပျိုးရေး လက်ထောက်ဝန်ကြီး ဂျူမေလီကပြောကြားကြောင်း အယ်လ်မာရူရစ်သတင်းစာက စနေနေ့တွင် ရေးသားလိုက်သည်။

ဇွန် ၂၀ ရက်က ဘဂ္ဂဒက်မြို့ ဆာဒါစီးတီးတွင် ဒုံးပစ်လောင်ချာများ ကိုင်ဆောင်၍ အင်အားပြနေသည့် ရှီးယိုက် ခုခံတိုက်ခိုက်ရေးသမားများကိုတွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ယင်းရောဂါဖြစ်ပွားမှုကြောင့် ခရမ်းသီး၊ ခရမ်းချဉ်သီးနှင့် ငရုတ်ကောင်း စိုက်ခင်းများ ဆိုးဆိုးရွားရွား ထိခိုက်ပျက်စီးကုန်သည်။

အခြေခံအကြောင်းရင်း

နယ်စပ်ဌာနတွင် သင့်တင့်လျောက်ပတ်သည့် စမ်းသပ်မှုမပြုခဲ့ဘဲ အိမ်နီးချင်းနိုင်ငံများမှ ယင်းသီးနှံများ သယ်ဆောင်ခဲ့မှုသည် ယင်းရောဂါ ပြန့်ပွားမှု၏ အခြေခံအကြောင်းရင်းဖြစ်ကြောင်း ဂျူမေလီအား ကိုးကား၍ ၎င်းသတင်းစာက ရေးသားသည်။

မိုဆူးလ်မြို့မှ အယ်လ်ရှီခန်နှင့် ဒီဟွတ်မြို့မှ ကာရော့ဒေသများသည် အပင် ရောဂါ ဖြစ်ပွားရာဒေသများဟု စိုက်ပျိုးရေးဌာနက ကြေညာချက်တစ်ရပ် ထုတ်ပြန်ထားသည်။

ပိတ်ပင်

အပင်ရောဂါဖြစ်ပွားစေသည့် ရောဂါပိုးကိုထိရောက်အောင် တိုက်ဖျက်နှိမ်နင်းခြင်းမပြုနိုင်မီ ယင်းရောဂါ ဖြစ်ပွားရာဒေသနှစ်ခုမှ သီးနှံများ အီရတ်နိုင်ငံ၏ ကျန်ဒေသများသို့ ဝင်ရောက်မှုမရှိစေရန် စိုက်ပျိုးရေးဌာနက ပိတ်ပင်ထားသည်ဟု ဂျူမေလီကပြောကြားသည်။

အပင်ရောဂါပိုးသည် ပြည်ပမှသီးနှံဝယ်ယူတင်သွင်းခဲ့သည့် ၁၉၉၈ ခုနှစ် အတွင်းက ပထမဆုံးအကြိမ် ဖြစ်ပွားခဲ့ဖွယ်ရှိကြောင်း ဂျူမေလီက ထပ်လောင်းပြောကြားသည်။

ကြိုးပမ်း

အမေရိကန်ပြည်ထောင်စုတွင် သီးနှံစိုက်ခင်း စတုရန်းမိုင်ဘာရစ်သန်းနှင့် ဥရောပတွင် သီးနှံစိုက်ခင်း စတုရန်းမိုင်တာ ခြောက်သန်းတို့တွင် ယင်းအပင်ရောဂါ ကျရောက်ခဲ့ပြီး အီရတ်မြောက်ပိုင်းဒေသတွင် ပေါ်ပေါက်နေသော ၎င်းရောဂါအားတိုက်ဖျက်ရန် စိုက်ပျိုးရေးဌာနက ကြိုးပမ်းလျက်ရှိသည်ဟု ၎င်းကပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

နိုင်ငံတကာ သတင်းများ

အီရတ်သို့ တောင်ကိုရီးယားတပ်ဖွဲ့ဝင်များ ထပ်မံစေလွှတ်မည့်အစီအစဉ်ကို ဆန့်ကျင်

ဆိုးလ် ဇွန် ၂၂

အီရတ်နိုင်ငံသို့ တောင်ကိုရီးယားတပ်ဖွဲ့ဝင်များ ထပ်မံစေလွှတ်ရန် တောင်ကိုရီးယားအစိုးရ၏ အစီအစဉ်ကို တောင်ကိုရီးယားပြည်သူများက ဆန့်ကျင်ကန့်ကွက်မှုများ တိုးမြှင့်ပြုလုပ်လျက်ရှိသည်။

အီရတ်နိုင်ငံသို့ တပ်ဖွဲ့ဝင်များစေလွှတ်မည့် တောင်ကိုရီးယားအစိုးရ၏ဆုံးဖြတ်ချက်ကို ဇွန် ၂၁ ရက်က တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တော်ရှိ အမေရိကန်သံရုံးအနီးတွင် ကန့်ကွက်ဆန္ဒပြနေစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

ထုတ်ပြန်

လက်ဝဲယိမ်းသည့် ပါလီမန်အမတ် ၁၀ ဦးတို့နှင့်အတူ ဒီမိုကရက်တစ်လေဘာပါတီက ကြေညာချက်တစ်စောင် ထုတ်ပြန်လိုက်သည်။ ယင်းကြေညာချက်ထဲတွင် တောင်ကိုရီးယားတပ်ဖွဲ့ဝင်များအား အီရတ်သို့ စေလွှတ်ရေးအစီအစဉ်ကို ရပ်ဆိုင်းထားရန်နှင့် အီရတ်သို့ စေလွှတ်ထားသည့် တောင်ကိုရီးယားတပ်ဖွဲ့ဝင် ၆၀၀ ကို ပြန်လည်ရုပ်သိမ်းရန် တောင်းဆိုထားသည်။

တောင်းဆို

တောင်ကိုရီးယား ပါလီမန်အမတ် ကင်ဝမ်ဝန် ဦးဆောင်သည့် အူရီပါတီမှ ပါလီမန်အမတ် ၂၀ ဦးတို့ကလည်း အီရတ်သို့ တောင်ကိုရီးယားတပ်ဖွဲ့ဝင်များ စေလွှတ်ရေး အစီအစဉ်ကို ပြန်လည်စဉ်းစားသုံးသပ်ပါရန်အာဏာရပါတီနှင့် အစိုးရတို့ကို တောင်းဆိုလိုက်သည်။

အရေးနိမ့်

အီရတ်ခေါင်းဆောင်ဟောင်းဆက်ဒမ် ဟူစိန်နှင့် အယ်လ်ခိုင်ဒါ အကြမ်းဖက်အုပ်စုတို့ ဆက်စပ်မှုရှိကြောင်းကို အမေရိကန်က မပြနိုင်သည့်အတွက် အီရတ်စစ်ပွဲသည် အရေးနိမ့်နေရကြောင်း တောင်ကိုရီးယား ပါလီမန်အမတ်ကင်က ပြောကြားသည်။

အလျှင်စလိုနိုင်

တောင်ကိုရီးယား နိုင်ငံသားတစ်ဦး အီရတ်၌ ပြန်ပေးဆွဲခံနေရကြောင်း၊ တောင်ကိုရီးယား အစိုးရအနေဖြင့် တောင်ကိုရီးယား တပ်ဖွဲ့ဝင်များဘေးအန္တရာယ်ကင်းရေးကို ဆောင်ရွက်သင့်ပြီး တောင်ကိုရီးယားတပ်ဖွဲ့ဝင်များအား အီရတ်သို့ စေလွှတ်ရေးအစီအစဉ်ကို ပြန်လည်သုံးသပ်ရန် ၎င်းက တောင်းဆိုလိုက်သည်။

တောင်ကိုရီးယားနိုင်ငံမှ ဂရင်းနေရှင်နယ်ပါတီ(ဂျီအင်ပီ)မှ ပါလီမန်အမတ်ကိုဂျင်ဟွာကလည်းအလားတူတောင်းဆိုလိုက်သည်။ အီရတ်နိုင်ငံ၌ တောင်ကိုရီးယားနိုင်ငံသားတစ်ဦး ပြန်ပေးဆွဲခံရမှုသည် အီရတ်နိုင်ငံသို့ တောင်ကိုရီးယားတပ်ဖွဲ့ဝင်များအား စေလွှတ်ရန် တောင်ကိုရီးယားအစိုးရ၏ အလျှင်စလို နိုင်လှသည့် အစီအစဉ်ကြောင့် ဖြစ်ရကြောင်း ကွန်ဆာဗေးတစ်ပါတီဝင်များက ပြောကြားသည်။

အင်တာနက်။

ဘုရှ်၏ ခရီးစဉ်ကို ဆန့်ကျင်ဆန္ဒပြကြရန် အိုင်ယာလန်ရှေ့နေများ တိုက်တွန်း

ဒဗ္ဗလင် ဇွန် ၂၂

အမေရိကန်သမ္မတ ဂျော့ဂျ်၊ဘုရှ်သည် အိုင်ယာလန်နိုင်ငံသို့ ယခုရက်သတ္တပတ် နှောင်းပိုင်းတွင် အလည်အပတ်ရောက်လာသည့်အခါ အိုင်ယာလန် ပြည်သူလူထုက ဘုရှ်အား ဆန္ဒပြကြရန် အိုင်ယာလန် ရှေ့နေအုပ်စုတစ်စုက တနင်္လာနေ့တွင် တိုက်တွန်းနှိုးဆော်လိုက်ပြီး ဘုရှ်၏ ခရီးစဉ်သည် သမ္မတရွေးကောက်ပွဲအကွက်ကျားကန်ပေးမည့် ခရီးစဉ်သာဖြစ်ကြောင်း ပြောကြားလိုက်သည်။

အမြတ်ထုတ်

အိုင်ယာလန်သို့ သမ္မတဘုရှ်လာရောက်ခြင်းသည် ရွေးကောက်ပွဲတွင် ၎င်းပြန်လည် အရွေးခံရရေးအတွက် မီဒီယာမှတစ်ဆင့် အမြတ်ထုတ်လိုသည့် အခွင့်အလမ်းကို အသုံးပြုရန်ဖြစ်ကြောင်း၊ ယင်းခရီးစဉ်အတွက် အိုင်ယာလန်ပြည်သူလူထုအနေဖြင့် တစ်စုံတစ်ခုကို ဆောင်ရွက်ရန် လိုအပ်ကြောင်းဖြင့် ရှေ့နေတစ်ဦးဖြစ်သည့် လိုက်ဒီဟာက သတင်းထောက်များအား ပြောကြားသည်။

လက်မှတ်ရေးထိုး

ရှေ့နေ ၁၇၆ ဦးပါဝင်သည့်၎င်းအုပ်စုက သမ္မတဘုရှ်၏ အီရတ်ဆိုင်ရာမူဝါဒကို ကန့်ကွက်ထားသည့် ကြေညာချက်တွင် စုပေါင်းလက်မှတ်ရေးထိုးကြသည်။

ကန့်ကွက်ကြမည်

ပုံမှန်ဓလေ့ထုံးစံအားဖြင့် အမေရိကန်သမ္မတ အိုင်ယာလန်နိုင်ငံသို့ ရောက်စဉ်အတွင်း ဂုဏ်ပြုကျွေးမွေးပြုစုရသည်။ သို့ရာတွင် အီရတ်စစ်ပွဲကိုလည်းကောင်း၊ အိုင်ယာလန်အစိုးရက အမေရိကန်စစ်ဘက်မှ လေယာဉ်များ ရှန်နွန်လေဆိပ်တွင် ဆီဖြည့်ရန် ခွင့်ပြုထားသည့် ဆုံးဖြတ်ချက်ကိုလည်းကောင်း ဆန့်ကျင်ရန် ဘုရှ်၏ အိုင်ယာလန် ခရီးစဉ်အတွင်း ကန့်ကွက်ကြမည်ဖြစ်သည်။

သမ္မတဘုရှ်သည် ဥရောပသမဂ္ဂနှင့် အမေရိကန်တို့၏ ထိပ်သီးညီလာခံ တက်ရောက်ရန် အလာတွင် အိုင်ယာလန်နိုင်ငံတွင် ရပ်နားမည်ဖြစ်သည်။

ချီတက်

နိုင်ငံရေးပါတီများ၊စစ်ဆန့်ကျင်ရေးဝါဒီများ၊ အလုပ်သမားသမဂ္ဂများ၊ အနုပညာရှင်များနှင့် ဘာသာရေးခေါင်းဆောင်များသည် ယခုရက်သတ္တပတ်တွင် အိုင်ယာလန် နိုင်ငံတစ်ဝန်းစဉ်ဆက်မပြတ် ဆန္ဒပြရန် စီစဉ်ထားပြီး ထိပ်သီးညီလာခံကျင်းပမည့် ဒရိုမိုလင်းရဲတိုက်မှ ရှန်နွန်လေဆိပ်သို့ ချီတက်ကြမည်ဖြစ်သည်။

မျှော်လင့်ထား

ဆန္ဒပြရာတွင် လူ ၅၀၀၀၀ ပါဝင်ဆင်နွှဲကြရန် မျှော်လင့်ထားကြောင်း ဆန္ဒပြပွဲ နှိုးဆော်သူများက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဗြိတိသျှ ရေတပ်သင်္ဘောသုံးစင်း အီရန်နိုင်ငံက ဖမ်းဆီးထား

တီဟီရန် ဇွန် ၂၂

ဗြိတိသျှရေတပ်မှ သင်္ဘောသုံးစင်းကိုဖမ်းပြီး သင်္ဘောသားရှစ်ဦးကို အီရန်နိုင်ငံက ထိန်းသိမ်းထားကြောင်း အီရန်စစ်ဘက်ဆိုင်ရာ သတင်းရပ်ကွက်က တနင်္လာနေ့တွင် ပြောကြားသည်။

အယ်လ်–အလမ် ရုပ်/သံ သတင်းပေးပို့ချက်ကို အတည်ပြုနိုင်ကြောင်း ၎င်းသတင်းရပ်ကွက်က အီရန်အစိုးရပိုင် အာရေဗျဘာသာဖြင့် ထုတ်လွှင့်သည့် ရုပ်မြင်သံကြား အစီအစဉ်အား ရည်ညွှန်းပြောကြားသည်။

ပြန်လည်စိစစ်

ဗြိတိန်ကာကွယ်ရေးဌာနက ယင်းသတင်းအား ပြန်လည်စိစစ်နေကြောင်း ပြောကြားသည်။ ဖော်ပြပါ ကိစ္စနှင့် ပတ်သက်သည့် ထိပ်တိုက်တွေ့ဆုံမှုသည် အီရန်နှင့် အီရတ်နိုင်ငံကြားရှိ ရှက်အယ်လ် အာရပ်ရေပြင်ကျယ်တွင် ပေါ်ပေါက်ခဲ့ရကြောင်း အယ်လ်–အလမ် ရုပ်/သံအစီအစဉ်က ပြောကြားသည်။

မိမိတို့က အထက်ပါသတင်းကိစ္စကို စစ်ဆေးနေကြောင်း၊ ယခုအချိန်အခါတွင် မည်သည့်သတင်းကိုမျှ အတည်မပြုနိုင်သလို ငြင်းဆိုနိုင်ခြင်းလည်း မရှိသေးကြောင်း ဗြိတိသျှကာကွယ်ရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက လန်ဒန်မြို့ရှိ ရိုက်တာသတင်းဌာနအား ပြောကြားသည်။ယင်းကိစ္စနှင့် စပ်လျဉ်း၍ နောက်ထပ် အသေးစိတ်သတင်း မရရှိသေးပေ။

လန်ဒန်မှလာသည့် ဆင်ဟွာသတင်းတစ်ရပ်တွင် အီရန်က ဗြိတိသျှရေတပ်မှ သင်္ဘောသုံးစင်းကို ဖမ်းထားကြောင်း သတင်းများ ပေါ်ထွက်လာပြီးနောက် ဗြိတိသျှကာကွယ်ရေးဌာနက အီရန်နှင့် အီရတ် နှစ်နိုင်ငံကြား အယ်လ်–အာရပ်မြစ်အတွင်း ကင်းလှည့်သင်္ဘောငယ် သုံးစင်းနှင့် သတင်းအဆက်အသွယ် ပြတ်တောက်သွားခဲ့ကြောင်း အတည်ပြုပြောကြားခဲ့သည်ဟု ဖော်ပြထားသည်။

ယခုနံနက် စောစောပိုင်းက ကင်းလှည့်သင်္ဘောငယ်များနှင့် သတင်းအဆက်အသွယ် ပြတ်တောက်သွားခဲ့ပြီး သင်္ဘောငယ်သုံးစင်းနှင့်အတူ သင်္ဘောသားရှစ်ဦး ပါဝင်ကြောင်းကို မိမိတို့ အတည်ပြုပြောကြားနိုင်ကြောင်း ကာကွယ်ရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက သတင်းထောက်များအား ပြောကြားသည်။

ဖမ်းဆီးထား

အီရန်က ဗြိတိသျှရေတပ်မှ သင်္ဘောသုံးစင်းကို အီရတ်နယ်စပ်အနီးရှိ ရေပိုင်နက်အတွင်း ဖမ်းဆီးထားကြောင်း အီရန်နိုင်ငံပိုင် အယ်လ်–အလမ် ရုပ်/သံအစီအစဉ် သတင်းတွင် ဖော်ပြထားသည်။

ဗြိတိသျှရေတပ်သင်္ဘောနှင့် သင်္ဘောသားများကို အီရန်စစ်ဘက်က ဖမ်းဆီးခြင်း ပြု၊ မပြုကို ဗြိတိသျှကာကွယ်ရေးဌာနက အတည်ပြုပြောကြားခြင်း မရှိပေ။

ယင်းဌာနက ၎င်းသတင်းပေးပို့ချက်ကို စိစစ်နေကြောင်း စောစောပိုင်းက ပြောကြားခဲ့ပြီး အီရန်ရုပ်/သံအစီအစဉ်က လွှင့်ထုတ်သွားသကဲ့သို့ အီရန်နှင့် အီရတ်နိုင်ငံကြား ရေပြင်တွင် မည်သည့်စစ်သင်္ဘောမျှ ယခုအခါ သွားရောက်နေခြင်း မရှိကြောင်း ပြောကြားသည်။

အီရန်က ဖမ်းဆီးထားသည့်အထဲ ပါဝင်သည့် ဗြိတိသျှသင်္ဘောမှာ ကင်းလှည့်ရေယာဉ်ဖြစ်ပြီး စစ်သင်္ဘောမဟုတ်နိုင်ကြောင်း ဗြိတိသျှကာကွယ်ရေးဌာနက ပြောကြားသည်။

ဗြိတိသျှတော်ဝင်ရေတပ်မတော်က အီရတ်ကမ်းခြေကာကွယ်ရေး ဝန်ထမ်းများအား ဖော်ပြပါ ရေကြောင်းပိုင်နက်တွင် ရက်သတ္တပတ်များစွာ သင်တန်းလေ့ကျင့်ပေးနေရာ ရေဒီယိုသတင်းအဆက်အသွယ် ပြတ်တောက်ခဲ့သည့် သင်္ဘောသည် စစ်ရေးလေ့ကျင့်ရာတွင် ပါဝင်ခဲ့ဖွယ်ရှိကြောင်း အဆိုပါ ဌာနက ပြောကြားသည်။

အဆိုပါ သင်္ဘောသုံးစင်းသည် ကမ်းခြေအား စောင့်ရှောက်နေကြခြင်းဖြစ်ကြောင်း၊ ယင်းကိစ္စအပေါ် စုံစမ်းစစ်ဆေးမှု စတင်ပြုလုပ်မည်ဖြစ်ကြောင်း စောစောပိုင်း သတင်းများက အီရန်စစ်ဘက်သတင်းများအား ကိုးကားဖော်ပြသည်။

အမ်အင်အေ၊ရိုက်တာ၊ဆင်ဟွာ။

ဇွန် ၂၁ ရက်က ဟော်မုဇ်ရေလက်ကြားတွင် ကင်းလှည့်စောင့်ကြပ်နေသည့် အီရန်ရေတပ်သင်္ဘောများကို တွေ့ရစဉ်။ (အီရန်သည် ၎င်း၏ ရေပြင်ပိုင်နက်အတွင်း ကျူးကျော်ဝင်ရောက်လာသည့် ဗြိတိသျှ ရေတပ်သင်္ဘော သုံးစင်းကို ဖမ်းဆီးထားသည်။) *(ဓာတ်ပုံ–အင်တာနက်)*

ဇွန် ၂၀ ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့တွင် အမေရိကန်တပ်ဖွဲ့၏ လေကြောင်းမှ တိုက်ခိုက်မှုကြောင့် ပျက်စီးသွားသော နေအိမ်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဇွန် ၂၀ ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်ရှိ အယ်လ်ရှုဟာဒါ တံတားအနီး လမ်းဘေးဗုံး ပေါက်ကွဲမှုကြောင့် မော်တော်ယာဉ်တစ်စီး ပျက်စီးနေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဇွန် ၂၀ ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့တွင် အမေရိကန်တပ်ဖွဲ့၏ တိုက်ခိုက်မှုကြောင့် ပျက်စီးသွားသည့် နေအိမ်အတွင်းမှ ပစ္စည်းများကို ကောက်ယူနေသည့် ကလေးတစ်ဦးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဇွန် ၁၉ ရက်က အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် စိန်ပြောင်းဖြင့် ပစ်ခတ်ခံရမှုကြောင့် ပျက်စီးသွားသည့် အဆောက်အအုံတစ်ခုကို အီရတ်များကြည့်ရှုနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တူးမြောင်း ညစ်ညမ်း

ဇွန် ၁၉ ရက်က အီရတ်နိုင်ငံ မူဆာယစ်မြို့အနီး ကျေးလက်ဒေသတွင် ရေနံပိုက်လိုင်း ဖျက်ဆီးခံရမှုကြောင့် စိုက်ပျိုးရေးလုပ်ငန်းသုံး တူးမြောင်းတစ်ခု ညစ်ညမ်းနေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဇွန် ၂၀ ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့တွင် အမေရိကန်တပ်ဖွဲ့က လူနေရပ်ကွက်တစ်ခုကို လေကြောင်းမှ တိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိသွားသော အမျိုးသမီးတစ်ဦးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တိုးတက်သစ်လွင် မြန်ပြည်တစ်ခွင်

လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့စေရန် တည်ဆောက်ပေးထားသည့် ရောဝတီတိုင်း၊ ကျောင်းကုန်းမြို့နယ် ရန်ကုန်-ပုသိမ် လမ်းပေါ်ရှိ ပေ ၆၀၀ ရှည် ငဝန်မြစ်ကူးကျောင်းကုန်းတံတားကို တွေ့ရစဉ်။ (ဓာတ်ပုံ-ခင်မောင်ဝင်း၊ကြေးမုံ)

နယ်စပ်ဒေသနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး

ကျေးလက်ဒေသလမ်းများ ဖောက်လုပ်လျက်ရှိသည့်အနက် ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့က တိုက်ကြီးမြို့နယ်အတွင်း ဆောင်ရွက်နေသော ခရိုင်ချင်းဆက်လမ်းကို တွေ့ရစဉ်။ (ဓာတ်ပုံ-နယ်စပ်/စည်ပင်)

မန္တလေးတိုင်း သာစည်မြို့နယ်အတွင်း သာစည်-ညောင်ရမ်းလမ်းပေါ်ရှိ ပေ ၁၂၀ ရှည် ရွှေကူတံတားကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ပြန်လည်ပြုပြင်မွမ်းမံမှုများ ဆောင်ရွက်နေစဉ်။ (ဓာတ်ပုံ-၄၂၅/သာစည်)

ရန်ကုန်တိုင်း တွံတေးမြို့နယ် ပန်းလှိုင်ချောင်းဝတွင် တည်ဆောက်ထားသည့် ၆ ပေ X ၁၂ ပေ အကျယ်၊ ရေတံခါးပေါက် ၃၇ ပေါက်ပါရှိသော မိုးမခရေထိန်းတံခါးကို တွေ့ရစဉ်။ (ဓာတ်ပုံ-ကြေးမုံ)

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

ဇွန် ၂၃ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မလေးရှားနိုင်ငံ **Nam Fatt Corporation Berhad** မှ ဥက္ကဋ္ဌ **Tan Sri Dato' Ajit Singh** အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံ တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

✧ အမျိုးသားညီလာခံမှ

စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင်အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် တွဲဖက်အတွင်းရေးမှူး(၂)၊ ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက ဆောင်ရွက်သည်။

အမှာစကားပြောကြား

ရှေးဦးစွာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမျိုးသားညီလာခံ အောင်မြင်စွာ ကျင်းပနိုင်ရေး၊ အမျိုးသားညီလာခံ စုံညီအစည်းအဝေး ကျင်းပမည့် ပြည်ထောင်စုခန်းမကို လိုလေသေးမရှိ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရေးတို့နှင့်စပ်လျဉ်း၍ အဖွင့်အမှာစကား ပြောကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် အတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမျိုးသားညီလာခံ ကိုယ်စားလှယ် အစုအဖွဲ့အလိုက် အကြံပြုစာတမ်းများ တင်သွင်းဖတ်ကြားမည့် အစီအစဉ်၊ လျာထားချက်များနှင့် စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုးက လုပ်ငန်းကော်မတီအနေဖြင့် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ကိုယ်ကာယကြံ့ခိုင်ရေး

ထို့နောက် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က ညီလာခံကိုယ်စားလှယ်များ၏ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ထားရှိမှုအခြေအနေ၊ ညီလာခံကိုယ်စားလှယ်များ ကျန်းမာရေးအတွက် ကိုယ်ကာယ ကြံ့ခိုင်ရေးအားကစားဆောင်ရွက်မှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ညီလာခံကိုယ်စားလှယ် အစုအဖွဲ့များမှ အထောက်အကူပြုအဖွဲ့-အဖွဲ့ခေါင်းဆောင်များနှင့် တာဝန်ရှိသူများက မိမိတို့နှင့်သက်ဆိုင်ရာ အစုအဖွဲ့များအလိုက် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီသို့ အကြံပြုစာတမ်းများ တင်သွင်းပြီးစီးမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

အကြံပြုဆွေးနွေး

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက အမျိုးသားညီလာခံ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အကြံပြုဆွေးနွေး တင်ပြကြသည်။

ထို့နောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁၄/၂၀၀၄)ကို နံနက် ၁၀နာရီခွဲတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား ရုပ်ရှင်ဇာတ်ကားဖြင့် ဖြသဖျော်ဖြေ

ရန်ကုန် ဇွန် ၂၃

အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေးဆပ်ကော်မတီက အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော ညီလာခံကိုယ်စားလှယ်များ အပန်းဖြေနိုင် ရေးအတွက် နေ့စဉ် ည ၇နာရီမှစတင်၍ ဖျော်ဖြေရေးအစီအစဉ်များကို ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ဖျော်ဖြေတင်ဆက်လျက်ရှိသည်။

ယမန်နေ့ညပိုင်းတွင် ဒါရိုက်တာကြည်စိုးထွန်း ရိုက်ကူးပြီး သရုပ်ဆောင် ကျော်ရဲအောင်၊ မေသန်းနု၊ ဇော်ဇော်အောင်၊ ခင်မို့မို့အေးတို့ ပါဝင်သရုပ်ဆောင်ထားသည့် **"သား၊ သမီး ဇနီးကြင်ရာ"** ရုပ်ရှင်ဇာတ်ကားဖြင့် ပြသဖျော်ဖြေတင်ဆက်ရာ ညီလာခံကိုယ်စားလှယ်များ ကြည့်ရှုအပန်းဖြေကြသည်။ (သတင်းစဉ်)

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် အတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုး ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

★ နိုင်ငံ့ဝန်ထမ်းမှ

အစည်းအဝေးတွင် အလှည့်ကျသဘာပတိအဖြစ် ပြည်ထဲရေး ဝန်ကြီးဌာနမှ ဦးမြတ်ကိုကဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် သာသနာရေးဝန်ကြီးဌာနမှ ဦးအုံ့မောင်နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဦးလှတင်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၉)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဌေးဝင်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးထိန်မင်းတို့က ဆောင်ရွက်ကြသည်။

အမျိုးသားညီလာခံ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးတွင် အလှည့်ကျသဘာပတိ ဦးမြတ်ကို အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၉ဦးအနက် ၁၀၈ဦးတက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၉ဒသမ၀၈ ရှိသဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေးစတင်ကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျသဘာပတိ ပြည်ထဲရေးဝန်ကြီးဌာနမှ ဦးမြတ်ကိုက အဖွင့်အမှာစကား ပြောကြားသည်။

ဖတ်ကြားတင်ပြ

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့တင်ပြမည့် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့၏ အကြံပြုစာတမ်းကို ဖတ်ကြားတင်ပြရာ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးကဏ္ဍကို ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ ဦးလှသောင်းမြင့်ကလည်းကောင်း၊ လူမှုရေးကဏ္ဍကို ကျန်းမာရေးဝန်ကြီးဌာနမှ ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်ကလည်းကောင်း ဖတ်ကြားတင်ပြကြပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

စီမံခန့်ခွဲရေးကဏ္ဍ

ထို့နောက် အစည်းအဝေးကို ဆက်လက်ကျင်းပရာ စီမံခန့်ခွဲရေးကဏ္ဍကို ပြည်ထဲရေးဝန်ကြီးဌာနမှ ဦးဘမြင့်ကလည်းကောင်း၊ တရားစီရင်ရေးကဏ္ဍနှင့် ကျန်ရှိသော ကဏ္ဍအားလုံးကို တရားရုံးချုပ်မှ ဦးဉာဏ်ထွန်းကလည်းကောင်း ဖတ်ကြားတင်ပြကြသည်။

ယင်းနောက် သဘာပတိက နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို နံနက် ၁၀နာရီ ၄၂မိနစ်တွင် ရပ်နားလိုက်သည်။ (သတင်းစဉ်)

နိုင်ငံတော်၏ စေတနာမှန်ကိုသိမြင် တောတွင်းလက်နက်ကိုင်အဖွဲ့ဝင်များ လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်ဝင်ရောက်

ရန်ကုန် ဇွန် ၂၃

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဒို့တာဝန် အရေးသုံးပါးကိုဦးထိပ်ထား၍ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ထိထိရောက်ရောက် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး နိုင်ငံတစ်ဝန်းအကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိခြင်း ကြောင့် နိုင်ငံတော်အစိုးရ၏ လုပ်ရပ်နှင့်စေတနာမှန်ကို သိမြင်လာကြသော တောတွင်းလက်နက်ကိုင်အဖွဲ့အစည်းများသည် ၎င်းတို့၏မှားယွင်းသော လုပ်ရပ် များအပေါ် နားလည်သဘောပေါက်ကာ နိုင်ငံတော်၊ တပ်မတော်နှင့် ပြည်သူတို့ ၏ရင်ခွင်သို့ တစ်ဦးချင်းမှအစ အစုအဖွဲ့အလိုက် လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်လျက်ရှိရာ ၂၀၀၄ ခုနှစ်ဧပြီလနှင့် မေလအတွင်း-

ဧရာဝတီတိုင်း စစ်ဌာနချုပ်နယ်မြေတွင် အက်စ်ယူအာရ်အေတောတွင်း လက်နက်ကိုင် အဖွဲ့မှ တပ်ခွဲမှူးအဆင့်ရှိ ဦးရခေါင်း၊ တပ်ကြပ်ကြီးအဆင့်ရှိ ခွန်ဝိုင်းသန်း၊ တပ်သားအိုက်စိုင်းနှင့် စိုင်းနွံတို့သည် အမ်-၂၂ မောင်းပြန်ရိုင်ဖယ် လေးလုံးလက်၊ ၎င်းကျည်အိမ်သုံးခု၊ ၎င်းကျည် ၃၂တောင့်တို့ဖြင့်လည်းကောင်း၊ တပ်သားသစ် အိုက်ဒီး၊ နွဲ့ရွက်၊ နန်ပုန်နှင့် အိုက်ခွန်းတို့သည်လည်းကောင်း၊

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေတွင် ကရင်နီ တောတွင်းလက်နက် ကိုင်အဖွဲ့မှ တပ်သား သီဟထွန်းသည် အမ်-၁၆ မောင်းပြန်ရိုင်ဖယ်တစ်လက်၊ ၎င်းကျည် အတောင့်၄၀တို့ဖြင့် လည်းကောင်း။

အနောက်မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေတွင် စီအင်န်အေ တောတွင်း လက်နက်ကိုင်အဖွဲ့မှ တပ်သားဖုန်လျှံကပ်သည်လည်းကောင်း။

တောင်ပိုင်းတိုင်း စစ်ဌာနချုပ်နယ်မြေတွင် ကေအင်န်ယူတောတွင်း လက်နက်ကိုင်အဖွဲ့ တပ်မဟာ(၃)၊ ရင်း(၇)၊ ခွဲ(၂)မှ တပ်သား တင်မိုးသည် အမ်-၁၆ မောင်းပြန်ရိုင်ဖယ်တစ်လက်၊ ၎င်းကျည်အိမ်နှစ်ခု၊ ၎င်းကျည် ၇တောင့်၊ လက်ပစ်ဗုံးတစ်လုံးတို့ဖြင့်လည်းကောင်း။

အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်မြေတွင် ကေအင်န်ယူ တောတွင်း လက်နက်ကိုင်အဖွဲ့၊ တပ်မဟာ(၆)၊ ရင်း(၁၆)မှ တပ်ကြပ်ကြီးအဆင့်ရှိ ကျော်ဒါးသည် လည်းကောင်း၊ ရင်း(၁၀၆)မှတပ်သားကျော်လင်းသည် အေကေ- ၄၇မောင်းပြန်ရိုင်ဖယ်တစ်လက်၊ ၎င်းကျည်အိမ်တစ်ခု၊ ၎င်းကျည် ၂၂တောင့် တို့ဖြင့်လည်းကောင်း၊ မွန်ခွဲထွက်တောတွင်းလက်နက်ကိုင်အဖွဲ့မှ တပ်ကြပ်ကြီး အဆင့်ရှိ ကွမ်ဒိတ်သည် ပစ္စတိုတစ်လက်၊ အမ်-၁၆ မောင်းပြန်ရိုင်ဖယ်တစ်လက်၊ ကျည်အိမ်သုံးခု၊ ကျည် ၃၀တောင့်၊ မိုင်းတစ်လုံးတို့ဖြင့်လည်းကောင်း။

ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ်နယ်မြေတွင် ကေအင်န်ယူ တောတွင်း လက်နက်ကိုင်အဖွဲ့ တပ်မဟာ(၄)၊ ရင်း(၁၁)မှ တပ်သားကျော်သက်သည် လက်ပစ်ဗုံးတစ်လုံးဖြင့်လည်းကောင်း၊ ရင်း(၁၁)၊ခွဲ(၃) တပ်သား ဒီဒီ(ခ) ကျောက်လုံးသည် လက်ပစ်ဗုံးတစ်လုံးဖြင့်လည်းကောင်း၊ မွန်ခွဲထွက်တောတွင်း လက်နက်ကိုင် အဖွဲ့မှ တပ်သားအောင်သန်းသည် အမ်-၇၉ လောင်ချာတစ်လက်၊ ၎င်းဗုံးသီးတစ်လုံးတို့ဖြင့်လည်းကောင်း၊ အေအယ်လ်ပီ တောတွင်းလက်နက်ကိုင် အဖွဲ့မှ ဗိုလ်အဆင့်ရှိ ခိုင်သာဇံနှင့် ဇနီး ဒေါ်မြစိန်၊ သား မောင်ပြည့်စုံ၊ သမီး ဝါဝါခိုင်၊ သားအောင်ကျော်မိုး၊ တပ်ကြပ်ကြီးအဆင့်ရှိ ခိုင်အစိုး၊ဒု-တပ်ကြပ် အဆင့်ရှိကျော်သန်း၊ တပ်သားခိုင်ညွန့်အေးနှင့်ဇနီး မကြူကြူစိုး၊ သမီး သက်သက်အေးတို့သည် ကာဘိုင်တစ်လက်၊ ၎င်းကျည်ရှစ်တောင့်တို့ဖြင့် လည်းကောင်း အသီးသီးလက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ခဲ့ကြ သည်။

အဆိုပါရက်များအတွင်း လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက် ခဲ့ကြသူ ၂၇ ဦးအား သက်ဆိုင်ရာတပ်စခန်းအသီးသီးမှ တာဝန်ရှိသူများက ဖိုက်လှဲပျူငှာစွာ ကြိုဆိုခဲ့ကြပြီး လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက် ပေးခဲ့ကြောင်းနှင့် အလားတူ လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ရန် ရှိနေသေးသည်။ (သတင်းစဉ်)

ကွယ်လွန်သူ ဒေါ်စန်းမြင့်(ခ)ဒေါ်ဘက်တီအား ရည်စူး၍ အမှတ်(၈၇၀) ပြည်လမ်း (၁၀)မိုင် စော်ဘွားကြီးကုန်း အင်းစိန်မြို့နယ်နေ ဗိုလ်မှူး အောင်ကြီး(ငြိမ်း)နှင့် သားသမီးမြေးတစ်စုက ဓိဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရပဒေသာပင်သုံးမျိုးနှင့် IOL ရန်ပုံငွေအတွက် အလှူတော်ငွေ ကျပ်နှစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့-အဖွဲ့ဝင် ဦးတင်မောင်ဝင်း လက်ခံယူစဉ်။ (က-ပ)

ဆွေးနွေးပြောကြား

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာ ဟောပြောပွဲ အခမ်းအနားကို ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန သင်တန်းကျောင်းခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက်က ဆွေးနွေးပြောကြားစဉ်။
(သတင်းစဉ်)

စီးပွားကူးသန်း ရှေ့သို့လှမ်း

အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်းသိကောင်းစရာ ပြည်ထဲရေးဝန်ကြီးဌာန၌ ဟောပြောပွဲကျင်းပ

ရန်ကုန် ဇွန် ၂၃

ပြည်ထဲရေးဝန်ကြီးဌာန၌ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏အကြောင်း သိကောင်းစရာ ဟောပြောပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှုသင်တန်းကျောင်း ခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဗဟိုနာယကအဖွဲ့-အဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေတို့ တက်ရောက်အားပေးကြသည်။

တက်ရောက်

အဆိုပါ ဟောပြောပွဲသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌများဖြစ်ကြသော ဒေါ်ခင်လေး သက်၊ ဒေါ်သန်းသန်းနွဲ့နှင့် ဒေါ်ခင်ခင် ဝင်း၊ အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာဒေါ်ခင်အေးဝင်း နှင့် အတွင်းရေးမှူးအဖွဲ့-အဖွဲ့ဝင်များ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး၏ ဇနီး လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး လုပ်ငန်းအဖွဲ့ အကြံပေးပုဂ္ဂိုလ် ဒေါ်ခင်လှလှနှင့် အကြံပေးပုဂ္ဂိုလ်များ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၏ဇနီး ရန်ကုန် တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်သက်ငွေး၊ ပြည်ထဲရေးဝန်ကြီး ဌာနအောက်ရှိ တပ်ဖွဲ့နှင့် ဦးစီးဌာန များမှ မိသားစုဝင်များ အင်အား ၅၀၀ခန့် တက်ရောက်ကြသည်။

ဆွေးနွေးပြောကြား

အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌ ဒေါ်ခင်လေးသက်က မြန်မာ နိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပေါ်ပေါက်လာပုံနှင့် နောက်ခံသမိုင်း၊ အဖွဲ့ချုပ်၏ ရည်ရွယ်ချက်ခုနစ်ရပ်နှင့် လုပ်ငန်းအဖွဲ့ ၁၆ ခု၏ လုပ်ငန်း တာဝန်များ အဆင့်ဆင့်ဖွဲ့စည်းပုံ များကို အသေးစိတ်ရှင်းလင်းဆွေးနွေး ပြောကြားပြီး မြန်မာနိုင်ငံ အမျိုးသမီး ရေးရာအဖွဲ့ချုပ်၏ မွန်မြတ်သော ရည်ရွယ်ချက်များ အောင်မြင်ရေး အတွက် ဇာတိမာန်ထက်သန်သော မြန်မာအမျိုးသမီးများ၊ ယဉ်ကျေး သိမ်မွေ့ပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်၍ အားမာန်ပြည့်ဝသော မြန်မာအမျိုး သမီးများ ပေါ်ထွန်းရေးကို မြန်မာ အမျိုးသမီးထုကြီး တစ်ရပ်လုံးက တစ်တပ်တစ်အား ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန် ဆွေးနွေးပြောကြား သည်။

ထို့နောက် ဟောပြောပွဲအပြီးတွင် ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး၏ဇနီး လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီး ကာကွယ်ရေးလုပ်ငန်းအဖွဲ့ အကြံပေး ပုဂ္ဂိုလ် ဒေါ်ခင်လှလှက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌများ ဖြစ်ကြသော ဒေါ်ခင်လေး သက်၊ ဒေါ်သန်းသန်းနွဲ့နှင့် ဒေါ်ခင် ခင်ဝင်းတို့အားလည်းကောင်း၊ ရန်ကုန် တိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်သက်ငွေးအား လည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအ... အထွေထွေအတွင်းရေးမှူး ပါ... ဒေါက်တာဒေါ်ခင်အေးဝင်းနှင့်အ... ရေးမှူးအဖွဲ့- အဖွဲ့ဝင်များအား ... ကောင်း ဂုဏ်ပြုလက်ဆော... အသီးသီးပေးအပ်သည်။
(သတင...

ကုန်သည်/ စက်မှုအသင်းချုပ် အတွင်းရေးမှူးနှင့် အိုင်အာအာအိုင်မှ ပညာရှင်တွေ့ဆုံဆွေးနွေး

ရန်ကုန် ဇွန် ၂၃

ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်နှင့် ဗဟိုအလုပ်အမှုဆောင် ဦးထွန်းအောင်(တော်ဝင်ထွန်း)တို့အား ယမန်နေ့နံနက် ၁၁နာရီတွင် International Rice Research Institute (IRRI)မှ Head of Agriculture Engineering Unit, Mr. Joseph Rickmanသည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါ၍ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံပြီး Post Harvest Technology ပညာရပ်ဆိုင်ရာလုပ်ငန်းများနှင့်ပတ်သက်၍ IRRIမှ ဖွင့်လှစ်ပို့ချမည့် သင်တန်း တက်ရောက်ရေးကိစ္စများ၊ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုနှင့် အထွက်ကိန်းဂဏန်း များ ရရှိရေးတို့ကို ဆွေးနွေးကြသည်။ **(အပေါ်ပုံ)** (သတင်းစဉ်)

မြန်မာ့အသံ တိုင်းရင်းသားအစီအစဉ်များ ပြောင်းလဲထုတ်လွှင့်...

ရန်ကုန် ဇွန် ၂၃

မြန်မာ့အသံက သုံးလတစ်ကြိမ် အကွာရာစဉ်အလိုက် အလှည့်ကျပြော... ထုတ်လွှင့်လျက်ရှိသော တိုင်းရင်းသားအစီအစဉ်များကို ဇူလိုင် ၁ ... စက်တင်ဘာ ၃၀ ရက်အထိ လှိုင်းတို ၆၃ ဒသမ ၄၉ မီတာမှနေ၍ အသ... ချိန်ပြောင်းလဲထုတ်လွှင့်မည်ဖြစ်သည်။

ထိုသို့ပြောင်းလဲထုတ်လွှင့်ရာတွင် ကချင်ဘာသာအစီအစဉ်ကို မွ... ၂နာရီမှ ၂နာရီ ၄၅မိနစ်အထိ၊ ကယားဘာသာအစီအစဉ်ကို မွန်းလွဲ ... ၄၅မိနစ်မှ ညနေ ၃နာရီခွဲအထိ၊ စကောကရင် ဘာသာအစီအစဉ်ကို ... ၃နာရီခွဲမှ ၄နာရီ ၁၅မိနစ်အထိ၊ ပိုးကရင်ဘာသာအစီအစဉ်ကို ညနေ ... ၁၅မိနစ်မှ ၅နာရီအထိ၊ ချင်းဘာသာအစီအစဉ်ကို ညနေ ၅နာရီမှ ... ၄၅မိနစ်အထိ၊ မွန်ဘာသာအစီအစဉ်ကို ညနေ ၅နာရီ ၄၅မိနစ်မှ ၆နာရီခွဲ... ရခိုင်ဘာသာအစီအစဉ်ကို ညနေ ၆နာရီခွဲမှ ည ၇နာရီ ၁၅မိနစ်... ရှမ်းဘာသာအစီအစဉ်ကို ည ၇နာရီ ၁၅မိနစ်မှ ၈နာရီအထိ ထုတ်လွှ... မည်ဖြစ်သည်။ (သတင...

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၄-၆-၂၀၀၄ (ကြာသပတေးနေ့)

၁၃၆၆ခုနှစ် ပထမ ဝါဆိုလဆန်း (၈)ရက် (ဥပုသ်နေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ **အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်း သာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၈း၁၀ ၆။ အကပဒေသာ
- ၈း၂၀ ၇။ ကျေးပင်အက်ရေလှောင်တမံ
- ၈း၃၀ ၈။ International News.
- ၈း၄၅ ၉။ Let's Go.
- ၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄း၁၅ ၂။ **EURO 2004 ဘောလုံးပွဲ ထုတ်လွှင့်မှုအစီအစဉ် (ဟော်လန် နှင့် လတ်ဗီးယား)**
- ၅း၃၀ ၃။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅း၄၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -ပထမနှစ် (သိပ္ပံအထူးပြုအားလုံး) (ဓာတုဗေဒ)
- ၅း၅၅ ၅။ အိမ်တွင်းမှုသိပ္ပံတိုင်းရင်းသား ရိုးရာအစားအစာ(ကရင်)
- ၆း၀၅ ၆။ **"အမွန်မြတ်ဆုံးလက်ဆော... (နေရဲလင်း၊ နှင်းဦ၊ မေနံ့သ... စောနိုင်(ရှမ်းပြည်)၊ တင်တ... (ဒါရိုက်တာ-မောင်မောင်မြ...**
- ၆း၂၀ ၇။ နိုင်ငံအဝန်းသစ်တောစွမ်းဖြ... စိမ်းလန်းစေရမည်
- ၆း၃၀ ၈။ ညနေခင်းသတင်း
- ၇း၀၀ ၉။ မိုးလေဝသအခြေအနေ
- ၇း၀၅ ၁၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **မိုးနတ်မယ် (အပိုင်း-၃၃)**
- ၇း၄၀ ၁၁။ ဖားစည်သံဝေ ကရင်တို့ဌာ...
- ၈း၀၀ ၁၂။ ပြည်တွင်းသတင်း
- ၁၃။ နိုင်ငံတကာသတင်းများ
- ၁၄။ မိုးလေဝသအခြေအနေ
- ၁၅။ **မြန်မာဗီဒီယိုဇာတ်လမ်း "အချစ်၏ဂုဏ်သိက္ခာ"(အပို... (ဝေဠုကျော်၊ မြတ်ကေသီ... နန္ဒာလှိုင်) [ဒါရိုက်တာ-မောင်နီလွင်(...**
- ၁၆။ မင်းကွန်းဆရာတော်ဘုရားကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာ... ပွားများခြင်း တရားတော်
- ၁၀း၁၅ ၁၇။ **EURO 2004 ဘောလုံးပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအ... (ကွာတားဖိုင်နယ် ပွဲစဉ်-၁... (ပေါ်တူဂီနှင့် အင်္ဂလန်)**
- ၁၈။ နောက်တစ်နေ့အစီအစဉ်
- ၁၉။ အစီအစဉ်ပြီး၏။



ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်နှင့် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့် တာဝန်ရှိသူများ ဆင်းရတနာအထူးအထွက်နှုန်းကောင်း သုတေသနစိုက်ခင်းအတွင်း စပ်မျိုးစပါး အဖိုမြုံလိုင်း (ဘီ)လိုင်း စိုက်ခင်းအတွင်း မျိုးစေ့တစ်စေ့တည်းမှ ပင်ပွား၁၃၅ပင်၏ စပါးအောင်နှံများ အနှံ၁၀၀ကျော်အထိ ဖြစ်ထွန်းအောင်မြင်နေမှု အခြေအနေများကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း ဆင်းရွှေလီစပ်မျိုးစပါး သုတေသနစိုက်ခင်းများ ကြည့်ရှု စပ်မျိုးစပါးဧက၁၂၀ ရိတ်သိမ်းပွဲတော် တက်ရောက်အားပေး

ရန်ကုန် ဇွန် ၂၃

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်သည် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၂၀ ရက် နံနက်ပိုင်းက အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၊ နယ်မြေခံတပ်ရင်းအတွင်း စိုက်ပျိုးထားရှိသော ဆင်းရွှေလီအထူးအထွက်တိုးစပ်မျိုးစပါး(အက်ဖ်-ဝမ်း)မျိုးစေ့ထုတ်သုတေသနစိုက်ခင်းသို့ သွားရောက်ရာ တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမျိုးချစ်က ဆင်းရွှေလီအထူးအထွက်တိုး စပ်မျိုးစပါး(အက်ဖ်-ဝမ်း)မျိုးစေ့ထုတ်လုပ်ရန်အတွက် အဖိုမြုံထိန်းလိုင်း (ဘီ)လိုင်း၊ အဖိုလိုင်း(အာရ်)လိုင်းနှင့် အမလိုင်း(အေ)လိုင်းမျိုးစေ့များမှ ပေါင်းစပ်၍ အဆင့်ဆင့်စိုက်ပျိုးထုတ်လုပ်ပုံကို ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးက ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း ဆင်းရွှေလီအထူးအထွက်တိုး စပ်မျိုးစပါး ဧကနှစ်သိန်းလိုအပ်ချက်အတွက် (အက်ဖ်-ဝမ်း)မျိုးစေ့များ ထုတ်လုပ်မည့် အစီအစဉ်များကို ဖြည့်စွက်ပြောကြားသည်။

ဆင်းရတနာ

ယင်းနောက် တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဖြစ်ထွန်းအောင်မြင်လျက်ရှိသော ဆင်းရတနာအထွက်နှုန်းကောင်း သုတေသနစိုက်ခင်းအတွင်း အထူးအထွက်နှုန်းကောင်း မျိုးစပါးပင်များနှင့် စပ်မျိုးစပါး တိုက်ရိုက်အစေ့ချ သုတေသနစိုက်ခင်းအတွင်း စပ်မျိုးစပါးပင်များကို လည်းကောင်း၊ စပ်မျိုးစပါးအဖိုမြုံလိုင်း (ဘီ)လိုင်း စိုက်ခင်းအတွင်း မျိုးစေ့တစ်စေ့တည်းမှ ပင်ပွား ၁၃၅ ပင်၏ စပါးအောင်နှံများ အနှံ ၁၀၀ ကျော်အထိ ဖြစ်ထွန်းအောင်မြင်နေမှု အခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထို့မှတစ်ဆင့် တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကုန်းမြင့်ယာမြေ(၁) ဧက ၁၀၀၀ မျိုးစေ့ထုတ်ဇုန်အတွင်းရှိသစ်ဆိမ့်၊ မြေပဲနှင့်နေကြာသီးညှပ်စိုက်ခင်းနှင့် သုတေသနစိုက်ခင်းကိုလည်းကောင်း၊ မက္ကဒေးမီးယားနှင့် ကတ်တီမိုးကော်ဖီ ပျိုးဥယျာဉ်သို့လည်းကောင်း၊ ရာသီအလိုက်ဟင်းသီးဟင်းရွက် ပဒေသာစိုက်ခင်းသို့လည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးပြီး တိုင်းမှူးက တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့မှတစ်ဆင့် တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဟူးမွန်ဆည်ရေသောက် ဆင်းရွှေလီအထူးအထွက်တိုးစပါး မျိုးစပါး (အက်ဖ်-ဝမ်း) မျိုးစေ့ထုတ် နွေစပါး စံပြဧက ၁၂၀ စိုက်ခင်းသို့ သွားရောက်၍ ဆင်းရွှေလီတောင်သူလယ်သမားခန်းမတွင် ကျင်းပသော ဆင်းရွှေလီ အထူးအထွက်တိုး စပ်မျိုးစပါး ဧက ၁၂၀ ကောက်ရိတ်သိမ်းပွဲတော်နှင့် စပ်မျိုးစပါး (အက်ဖ်-ဝမ်း)မျိုးစေ့ထုတ်ဧက ၁၀၀၀လုပ်ငန်း စီမံချက် ရှင်းလင်းတင်ပြခြင်း အခမ်းအနားသို့ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

အစီအစဉ်အရ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးကျော်ရွှေက စပ်မျိုးစပါး (အက်ဖ်-ဝမ်း)မျိုးစေ့ထုတ် ဧက ၁၀၀၀ စိုက်ပျိုးထုတ်လုပ်မှု စီမံချက်ကိုလည်းကောင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးလှကြီးက ဆင်းရွှေလီ အထူးအထွက်တိုး စပ်မျိုးစပါးစိုက်ပျိုးထုတ်လုပ်မှု လုပ်ငန်းအဆင့်ဆင့်ကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဒေသဝမ်းစာဖူလုံရေး

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်က ဒေသဝမ်းစာဖူလုံရေးနှင့် တောင်သူများ၏ လူနေမှုအဆင့်အတန်း မြင့်မားတိုးတက်ရေးအတွက် စီစဉ်ဆောင်ရွက်မှု အခြေအနေများနှင့်စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းအမှာစကားပြောကြားသည်။

ဝိုင်းဝန်းကြိုးပမ်း

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အောင်သိန်းက တိုင်းစစ်ဌာနချုပ်မှ ဦးဆောင်၍ ပြည်နယ်အတွင်း ဒေသဝမ်းစာဖူလုံရေးအတွက် ဆောင်ရွက်လျက်ရှိသော ဆင်းရွှေလီအထူးအထွက်တိုး စပ်မျိုးစပါးများဖြစ်ထွန်းအောင်မြင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းမှူးနှင့် ဒုတိယဝန်ကြီးတို့က လယ်ယာလုပ်ငန်းတွင် ထူးချွန်စွာဆောင်ရွက်ခဲ့ကြသည့် တောင်သူဦးစိုင်းစံထွန်းနှင့် ဦးစိုင်းစီတို့အား လယ်ယာသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ပြီး ဒေသခံတောင်သူများ ကိုယ်စား လယ်ယာထူးချွန် တတိယဆင့်ရ တောင်သူဦးစိုင်းစံထွန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီး

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် ဒုတိယဝန်ကြီးတို့သည် ဆင်းရွှေလီအထူးအထွက်တိုးစပ်မျိုးစပါး (အက်ဖ်-ဝမ်း)မျိုးစေ့၊ အမမျိုးစေ့ (အေ)လိုင်းနှင့် အဖိုမျိုးစေ့ (အာရ်)လိုင်းမျိုးစေ့များကို ကြည့်ရှုစစ်ဆေးကြပြီးနောက်(အက်ဖ်-ဝမ်း)မျိုးစေ့ထုတ် စိုက်ခင်းအတွင်း တပျော်တပါး ကောက်ရိတ်သိမ်းနေကြသော ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရိတ်သိမ်းခြွေလှေ့ပြီးသော အဖိုမျိုးစေ့နှင့်အမမျိုးစေ့များကိုလည်းကောင်း၊ ခြွေလှေ့စက်များဖြင့် ကောက်လှိုင်းများ ခြွေလှေ့ဆောင်ရွက်နေမှုနှင့် ရိတ်သိမ်းခြွေလှေ့ပြီးသော စပ်မျိုးစပါးများအား အခြောက်ခံစက်ဖြင့် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း လှည့်လည် ကြည့်ရှုစစ်ဆေးပြီး တိုင်းမှူးကတာဝန်ရှိသူများအားလိုအပ်သည်များမှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။ (သတင်းစဉ်)

တွေ့ဆုံ

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းအား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ပါကစ္စတန် သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Muhammad Nawaz Chaudhry ဇွန် ၂၃ ရက် ညနေပိုင်းက မြို့တော်ခန်းမရှိ မြို့တော်ဝန်ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံစဉ်။ (၁၉)

မော်လမြိုင်ကျွန်းမြို့နယ်အသင်း(ရန်ကုန်)၏သတ္တမအကြိမ် သင်းလုံးကျွတ်အစည်းအဝေး ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇွန် ၂၀ ရက်က ရွှေတိဂုံဘုရားလမ်းရှိ သစ်လုပ်ငန်း ဓမ္မာရုံ၌ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးသိန်းလှိုင် Ph.D ဘွဲ့ရရှိသူ ဒေါက်တာမာလာသန်းအား ပညာရည်ချွန်ဆုချီးမြှင့်စဉ်။ (က-ပ)

စာရင်းကောက်ချိန်လွန် စစ်တမ်းကောက်သင်တန်းနှင့် အကျဉ်းချုံး ကြေးတိုင်စိုက်ခြင်း သင်တန်းဖွင့်

ရန်ကုန် ဇွန် ၂၃

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနသည် ၂၀၀၃ ခုနှစ် မြန်မာနိုင်ငံလယ်ယာစာရင်းကောက်ယူရေးလုပ်ငန်းကို ၂၀၀၃ခုနှစ် အောက်တိုဘာ ၁ရက်မှ နိုဝင်ဘာ ၁၅ ရက်အထိ ပြည်နယ်နှင့်တိုင်းအသီးသီးရှိ ခရိုင်ပေါင်း ၆၀၊ မြို့နယ်ပေါင်း ၂၈၃မြို့နယ်တို့၌ အပြည့်အဝ စာရင်းကောက်ယူခဲ့ပြီး ကောက်ယူရရှိပြီးစာရင်းများအပေါ်တွင် စာရင်းအင်းသဘောတရားအရပြည့်စုံ မှန်ကန်မှု ရှိ/မရှိသိနိုင်ရန် စာရင်းကောက်ချိန်လွန် စာရင်းကောက်ယူခြင်းလုပ်ငန်း (Post Enumeration Survey, PES) သင်တန်းနှင့် ၂၀၀၄ ခုနှစ် အကျဉ်းချုံး ကြေးတိုင်စိုက်ခြင်းလုပ်ငန်း သင်တန်းဖွင့်ပွဲကို ယမန်နေ့နံနက် ၁၀ နာရီတွင် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည် တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။ သင်တန်းဖွင့်ပွဲသို့ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ အကြံပေးအရာရှိများ၊ ညွှန်ကြားရေးမှူးများနှင့် ပြည်နယ်/တိုင်းများမှ ဒုတိယပြည်နယ်/တိုင်း မြေစာရင်းဦးစီးဌာနမှူးများ၊ ခရိုင်မြေစာရင်းဦးစီးဌာနမှူးများနှင့် ရုံးချုပ်ရှိအရာထမ်း၊ အမှုထမ်းအင်အား စုစုပေါင်း သင်တန်းသား ၁၂၂ဦး တက်ရောက်ကြသည်။ သင်တန်းကာလမှာ ဇွန် ၂၂ ရက်မှ ၂၅ရက်အထိဖြစ်သည်။ (သတင်းစဉ်)

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဇွန် ၂၃

ဗိုလ်မှူးကြီးထွန်းအောင်ကျော်သည် ကစားဖော်များဖြစ်ကြသော ဒုတိယဗိုလ်မှူးကြီးတင်ဦး၊ ဗိုလ်မှူးဖုန်းမြင့်၊ ဦးဇော်လင်းတို့နှင့်အတူ ဇွန်၁၂ရက်တွင် သန်လျင်ဂေါက်ကလပ်၌ ဂေါက်သီးရိုက်ကစားကြရာ Callawayဘောလုံးကို Callaway Pitching Wedge တုတ်ဖြင့်ရိုက်လိုက်ရာ ၁၀၁ကိုက်အကွာအဝေးတွင်ရှိသော အမှတ်(၁၇)ကျင်းသို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။ (သတင်းစဉ်)

လှိုင်မြို့နယ် ပါသာဒိကာရုံ စာသင်တိုက် သိမ်တော်ကြီး ရေစက်ချအလှူမင်္ဂလာကျင်းပ

ရန်ကုန် ဇွန် ၂၃

ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ်ရှိ ပါသာဒိကာရုံစာသင်တိုက် သာသနမလ ဝိသောဓနီ သိမ်တော်ကြီး ရေစက်ချ အလှူမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် လှိုင်မြို့နယ် ရန်ကုန်-အင်းစိန်လမ်းမကြီး ပါသာဒိကာရုံ စာသင်တိုက်ရှိ အဆိုပါသိမ်တော်ကြီး၌ ကျင်းပသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ လှိုင်မြို့နယ် ပါသာဒိကာရုံ စာသင်တိုက် သာသနမလဝိသောဓနီ သိမ်တော်ကြီး ရေစက်ချအလှူမင်္ဂလာအခမ်းအနားတွင် အလှူရှင်များမှ လှူဒါန်းငွေများကို လက်ခံယူစဉ်။ (သတင်းစဉ်)

တက်ရောက်

အလှူမင်္ဂလာ အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ အဘိဓဇမဟာရဋ္ဌဂုရု အောင်မြေဘုံစံကျောင်း ဆရာတော် ဘဒ္ဒန္တပညိန္ဒာဘိဝံသနှင့် အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရတို့ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၏ ဇနီး ဒေါ်စန်းစန်းရီ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၏ဇနီး ဒေါ်တင်တင်ညွန့်၊ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်ချုပ် သိန်းဆွေ၏ဇနီး ဒေါ်မြသီဂီ၊ ဒုတိယ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်အောင်ကြည်နှင့်ဇနီး ဒေါ်သက်သက်ဆွေ၊ ဗိုလ်မှူးချုပ်ဉာဏ်ဝင်း၏ ဇနီး ဒေါ်မြင့်မြင့်စိုး၊ ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်သိန်း၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညို ကြသည်။

ရှေးဦးစွာအခမ်းအနားကိုနမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ အဘိဓဇ မဟာရဋ္ဌဂုရု အောင်မြေဘုံစံကျောင်း ဆရာတော် ဘဒ္ဒန္တပညိန္ဒာဘိဝံသထံမှ ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ကြွရောက်တော်မူလာကြသော ဆရာတော် သံဃာတော်များက မေတ္တာသုတ် ပရိတ်တရားတော်များကို ရွတ်ပွားချီးမြှင့်တော်မူကြပြီး တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၏ ဇနီး ဒေါ်စန်းစန်းရီ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အလှူရှင်များက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် သာသနမလဝိသောဓနီ သိမ်တော်ကြီး ပင်မအလှူရှင် ဒေခ်အုပ်စုကုမ္ပဏီလီမိတက်မှ ဦးချစ်ခိုင်-ဒေါ်ခင်စိုးဝေ မိသားစုက သိမ်တော်ကြီးနှင့် ပတ်သက်သော စာရွက်စာတမ်းများကို ပါသာဒိကာရုံ စာသင်တိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တသီရိန္ဒထံ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ သာသနမလဝိသောဓနီ သိမ်တော်ကြီးအတွက် အလှူရှင်များဖြစ်ကြသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ဇနီး ဒေါ်စန်းစန်းရီမိသားစုက အလှူငွေကျပ် ငါးသိန်း၊ ဒေခ်အုပ်စုကုမ္ပဏီလီမိတက်မှ ဦးချစ်ခိုင်-ဒေါ်ခင်စိုးဝေ မိသားစုက အလှူငွေကျပ် ၃၈၅ သိန်း၊ ဒုတိယ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ်၊ ဗိုလ်ချုပ်အောင်ကြည်နှင့်ဇနီး ဒေါ်သက်သက်ဆွေ မိသားစုက အလှူငွေကျပ် တစ်သိန်း၊ (၅၆)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြစစ်ကြောင်းများမှ အလှူငွေကျပ် ၅၁၀၀၀၀၊ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ်ရုံး မိသားစုက အလှူငွေကျပ် ၂၇၀၀၀၀၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံးမှ ဗိုလ်မှူးကြီးသန်းမြင့်နှင့် ဇနီး ဒေါ်နွဲ့နွဲ့ရီမိသားစုက အလှူငွေ ကျပ်နှစ်သိန်း၊ အမှတ်(၉၉) ခြေမြန်တပ်မဌာနချုပ်မိသားစုက အလှူငွေကျပ် ၁၅၀၀၀၀၊ဗိုလ်မှူးကြီးတင်ရီ(အငြိမ်းစား) ဒေါ်ခင်ခင်ငြိမ်းမိသားစုက အလှူငွေကျပ် ၁၀၈၀၀၀၊ မိခင်ဒေါ်မြနှစ်အားရည်စူး၍ ဒေါ်စောမြင့်မိသားစုက အလှူငွေ ကျပ်တစ်သိန်း၊ ကာကွယ်ရေးဝန်ကြီးဌာန ထောက်ပံ့နှင့် ပို့ဆောင်ရေး ညွှန်ကြားရေးမှူးရုံးက အလှူငွေကျပ် ၄၆၅၀၀၊ တပ်မတော် လေ့ကျင့်ရေးကျောင်းများမှ အလှူငွေကျပ် ၈၉၂၈၀ အပါအဝင် လှူဒါန်းငွေစုစုပေါင်း ကျပ် ၄၀၅၇၃၇၈၀ ကို ပေးအပ်လှူဒါန်းကြရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းတို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည် ပေးအပ်ကြသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရုအဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရထံမှ ပရိသတ်များက အနုမောဒနာတရားနာယူကြပြီးလှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

လှိုင်မြို့နယ် ပါသာဒိကာရုံစာသင်တိုက် သာသနမလဝိသောဓနီ သိမ်တော်ကြီး ရေစက်ချအလှူမင်္ဂလာ အခမ်းအနားတွင် ပင်မအလှူရှင် ဒေခ်အုပ်စုကုမ္ပဏီလီမိတက်မှ ဦးချစ်ခိုင်-ဒေါ်ခင်စိုးဝေမိသားစုက သိမ်တော်ကြီးနှင့် ပတ်သက်သော စာရွက်စာတမ်းများကို ပါသာဒိကာရုံစာသင်တိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တသီရိန္ဒထံ ဆက်ကပ်လှူဒါန်းစဉ်နှင့် လှိုင်မြို့နယ် ပါသာဒိကာရုံ စာသင်တိုက် သာသနာမလဝိသောဓနီသိမ်တော်ကြီးအားတွေ့ရစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ရေကြောင်းအင်ဂျင်နီယာအသင်း နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် ဇွန် ၂၃

မြန်မာနိုင်ငံ ရေကြောင်း အင်ဂျင်နီယာ အသင်း၏ (၂၆)ကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကို ဇူလိုင် ၃ ရက်(စနေနေ့) မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ မဟာဗန္ဓုလ ပန်းခြံလမ်း အမှတ် (၃၅၂/၃၆၆) ဒုတိယထပ် အခန်း (၉)တွင် ကျင်းပမည်ဖြစ်ရာ အသင်းဝင်များ မပျက်မကွက် တက်ရောက်ကြရန် အမှုဆောင်အဖွဲ့မှ နှိုးဆော်ထားသည်။

(က-ပ)

ကြေးနန်း၊ ဆက်သွယ်ရေးနှင့် စာတိုက်သင်တန်းကျောင်း သင်တန်းများ ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၂၃

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ကြေးနန်း၊ ဆက်သွယ်ရေးနှင့် စာတိုက်သင်တန်းကျောင်း၌ e-Government Workshop Training Course for Senior Officials(0238/01/04-05) (အချိန်ပိုင်း)၊ PC for Office Applications Course (WINDOWS) (0223/01/04-05)၊ Introduction to Internet Course (0231/02/04-065) နှင့် Line Construction Theory Course (0434/01/04-05) တို့၏ သင်တန်းများဖွင့်ပွဲကို ဇွန် ၂၁ရက် နံနက် ၉နာရီတွင် အဆိုပါသင်တန်းကျောင်း၌ကျင်းပရာ e-National Taskforce မှ အဖွဲ့ဝင်များ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသော ဧည့်သည်များ၊ ဆရာ၊ ဆရာမများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးကိုယ်စား မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်မောင်တင်က အမှာစကားပြောကြားသည်။

e- Government Workshop Training Course for Senior Officials(0236/01/04-05) (အချိန်ပိုင်း)မှာ ရက်သတ္တတစ်ပတ်ကြာအချိန်ပိုင်း သင်တန်းဖြစ်ပြီး ဝန်ကြီးဌာန ၂၇ခုမှ အဆင့်မြင့်အရာရှိ သင်တန်းသား ၂၉ဦးတို့ တက်ရောက်ကြပြီး ကျန်သင်တန်းများမှာ ပုံမှန်သင်တန်းများဖြစ်၍ သင်တန်းသား၊ သင်တန်းသူ ၄၀ဦးတို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

အမှာစကားပြောကြား

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်း ဝန်ကြီးဌာန မြန်မာ့ ဆက်သွယ်ရေးလုပ်ငန်း ကြေးနန်း၊ ဆက်သွယ်ရေးနှင့် စာတိုက် သင်တန်းကျောင်း၏ သင်တန်းများဖွင့်ပွဲတွင် ဝန်ကြီးကိုယ်စား မြန်မာ့ ဆက်သွယ်ရေး လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင် မောင်တင် အမှာစကားပြောကြား စဉ်။ (ဆက်သွယ်ရေး)



ကျောက်တန်းမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနနှင့် တံတားမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများ၏ ၂၀၀၄-၂၀၀၅ ပညာသင်နှစ် ပညာသင် ထောက်ပံ့ကြေးပေးအပ်ပွဲကို ဇွန် ၂၃ ရက်က ရတနာခန်းမတွင်ကျင်းပရာ ပညာသင်ထောက်ပံ့ကြေးငွေ ကျပ် ၂၂၂၅၀၀ ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်ဇော်က မြို့နယ်ဒုတိယဦးစီးမှူး ဦးတင်ဆွေမြင့်အား ပေးအပ်စဉ်။ (က-ပ)

ပြည်နယ်နှင့်တိုင်း ဘတ်စကက်ဘောပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၂၃

အားကစားဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ ဘတ်စကက်ဘော အဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၀၄ခုနှစ် (၃၅)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘော ပြိုင်ပွဲကို ဇူလိုင်၅ရက်မှ ၁၄ရက်အထိလည်းကောင်း၊ ၂၀၀၄ခုနှစ် အမျိုးသားတံခွန်စိုက် ဘတ်စကက်ဘော ပြိုင်ပွဲကို ဇူလိုင် ၁၆ရက်မှစ၍ လည်းကောင်း ရန်ကုန်မြို့ အောင်ဆန်း အားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ ကျင်းပမည် ဖြစ်သည်။

၂၀၀၄ခုနှစ် အမျိုးသားတံခွန်စိုက် ဘတ်စကက်ဘော ပြိုင်ပွဲနှင့်အတူ အမျိုးသား အသက်(၂၀)နှစ်နှင့်အောက် လူငယ် ဘတ်စကက်ဘော ပြိုင်ပွဲကိုလည်း ထည့်သွင်း ကျင်းပမည်ဖြစ်သည်။

FIBA-ASIA နှင့် မြန်မာနိုင်ငံ ဘတ်စကက်ဘော အဖွဲ့ချုပ်တို့က ပူးပေါင်း၍ ဘတ်စကက်ဘောဒိုင်လူကြီး သင်တန်းကို ဇူလိုင်နောက်ဆုံးပတ်တွင် ဖွင့်လှစ်မည်ဖြစ်သည်။ (ကြေးမုံ)

ပြည်သူတစ်ရပ်လုံး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်လာရန် စည်းရုံး

ကျေးလက်ဒေသဖွံ့ဖြိုးရေး အရှိန်အဟုန်ဖြင့်ဆောင်ရွက်နိုင်ရန် အောက်ခြေအထိ ကွင်းဆင်း

နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ် ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ် ကြီးမောင်ဘို မြိတ်မြို့ ကမ်းရိုးတန်း ဒေသတိုင်းစစ်ဌာနချုပ် အစည်းအဝေး ခန်းမ၌ ကျင်းပသည့် တနင်္သာရီတိုင်း စပါးစိုက်ဧက ငါးသိန်းပြည့်မီအောင် စိုက်ပျိုးရေးအတွက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇွန် ၂၃

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် နိုင်ငံတော်အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်နှင့် ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် တနင်္သာရီတိုင်းအတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ချက်များအား လှည့်လည်ကြည့်ရှုစစ်ဆေးရန်နှင့် ဒေသဆိုင်ရာလိုအပ်ချက်များကို ဖြည့်ဆည်းပံ့ပိုးစီမံပေးရန် ဇွန် ၁၉ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ တနင်္သာရီတိုင်း မြိတ်မြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ကြိုဆို

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များသည် ညနေပိုင်းတွင် တနင်္သာရီတိုင်း မြိတ်မြို့သို့ ရောက်ရှိကြရာ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်မှူးချုပ်အုန်းမြင့်၊ တနင်္သာရီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးကြီးဝင်းရှိန်နှင့် တပ်မတော်အရာရှိကြီးများ၊ တိုင်းအဆင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက မြိတ်လေဆိပ်မှကြိုဆိုနှုတ်ဆက်ကြသည်။

ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့်လိုက်ပါလျက် ဇွန် ၂၀ ရက် နံနက်ပိုင်းတွင် မြိတ်မြို့ရှိ မြိတ်တက္ကသိုလ်ပင်မဆောင် ရတနာအုတ်မြစ်စီ မင်္ဂလာအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ရတနာအုတ်မြစ်စီပေးသည်။

တင်ပြ

မြိတ်တက္ကသိုလ်ပင်မဆောင်ရတနာအုတ်မြစ်စီ မင်္ဂလာအခမ်းအနား၏ ပထမပိုင်းအစီအစဉ်တွင်အခမ်းအနားမှူးအဖြစ် မြိတ်တက္ကသိုလ် အင်္ဂလိပ်စာဌာနမှ နည်းပြဒေါ်နှင်းထွေးဦးက ဆောင်ရွက်ပြီး အဆင့်မြင့် ပညာဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဦးစောလွင်က အသေးစိတ်တင်ပြသည်။

ဆက်လက်၍ မြိတ်တက္ကသိုလ် တည်ဆောက်ရေးစီမံကိန်းကိုတာဝန်ယူဆောင်ရွက်နေသော ယုဇနဆောက်လုပ်ရေးမှဦးဌေးမြင့်က ရှင်းလင်းတင်ပြသည်။

ဖြည့်ဆည်း

ထို့နောက်နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက မြိတ်တက္ကသိုလ် ပင်မဆောင် တည်ဆောက်ရေးစီမံကိန်း၏ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းစီမံပေးပြီး အမှာစကား ပြောကြားရာတွင်-

ယခုအချိန်အခါတွင် ပြည်နယ်နှင့် တိုင်းအသီးသီးတွင် လိုအပ်သောနေရာတိုင်း၌ တက္ကသိုလ်၊ ကောလိပ်များကို တည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ဤသို့တည်ဆောက်ပေးခြင်းမှာ ဒေသတိုင်း၌ တက္ကသိုလ်ပညာရပ်ကို ငွေကုန်ကြေးကျသက်သာစွာဖြင့် လွယ်ကူစွာ သင်ကြားနိုင်အောင် နိုင်ငံတော်အစိုးရက ငွေကြေးအလုံးအရင်းကျခံ ဆောင်ရွက်ပေးခြင်း ဖြစ်ကြောင်း၊ ယခုအခါ တနင်္သာရီတိုင်းမြိတ်မြို့တွင် တက္ကသိုလ်ကြီးတစ်ခု ပေါ်ထွန်းလာပြီဖြစ်ကြောင်း။

လေ့ကျင့်ပျိုးထောင်

နိုင်ငံတော်အစိုးရက ကျောင်းသား၊ ကျောင်းသူ လူငယ်များအတွက် ပညာရေးဆိုင်ရာ အခွင့်အလမ်းများ တိုးမြှင့်ဖန်တီး ဖော်ဆောင်ပေးနေချိန်တွင် ဆရာ၊ ဆရာမများကလည်း မိမိတို့တပည့် ကျောင်းသား၊ ကျောင်းသူများကို နိုင်ငံတော်၏ မျှော်မှန်းချက်နှင့်အညီ ထူးချွန်ထက်မြက်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များအဖြစ် ဖြစ်ထွန်းလာစေရအောင် ကြိုးစားအားထုတ် လေ့ကျင့်ပျိုးထောင်ပေးကြရန် လိုကြောင်း။

ကြိုးစားဆောင်ရွက်

တက္ကသိုလ်မှဆရာ၊ ဆရာမများနှင့် တာဝန်ရှိပုဂ္ဂိုလ်များသည် မိမိတို့၏ မျိုးဆက်သစ်လူငယ်များအတွက် ပညာရေးကဏ္ဍကို အလေးထား မြှင့်တင်ပေးကြရန်ဖြစ်ကြောင်း နိုင်ငံတော်ကို စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ဖြင့် ခေတ်မီ ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရာတွင် ပညာတတ်များ ပေါ်ထွန်းလာရန်လိုအပ်ကြောင်း၊ ယင်းသို့ ဖြစ်ပေါ်လာရန် ကျောင်းသား၊ ကျောင်းသူများအား ငြိမ်းချမ်းစွာပညာသင်ကြားနိုင်စေရေး အတွက် ကြိုးစားဆောင်ရွက်ကြရန် လိုကြောင်းဖြင့် မှာကြားသည်။

လှူဒါန်း

ထို့နောက် မြိတ်တက္ကသိုလ် ပင်မဆောင်ကို တာဝန်ယူတည်ဆောက်နေသော ယုဇနဆောက်လုပ်ရေးအဖွဲ့မှ ဦးဌေးမြင့်က မြိတ်တက္ကသိုလ်တွင် တာဝန်ထမ်းဆောင်နေကြသောပညာရေးဝန်ထမ်းများအား အဆင့်အလိုက် လစဉ်ထောက်ပံ့ငွေ တစ်နှစ်စာအတွက် ငွေကျပ် ၁၀၄၅၂၀၀၀ ကို မြိတ်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဦးခင်မောင်ချိုထံ ပေးအပ်လှူဒါန်းသည်။

မော်ကွန်းကမ္ပည်း

ဆက်လက်၍ မြိတ်တက္ကသိုလ် ပင်မဆောင်ရတနာအုတ်မြစ်စီ မင်္ဂလာအခမ်းအနား ဒုတိယပိုင်း အစီအစဉ်ကို ရတနာအုတ်မြစ်စီမည့် မင်္ဂလာနေရာ၌ ကျင်းပရာ ရှေးဦးစွာ မင်္ဂလာအခါတော်ပေး နိုင်ငံတော်ပြက္ခဒိန် အကြံပေး ဆရာကြီး ဦးကျော်က မြိတ်တက္ကသိုလ် ပင်မဆောင်ရတနာအုတ်မြစ်စီမော်ကွန်း ကမ္ပည်းကို ဖတ်ကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက နဝရတ်ကိုးပါး ရတနာငွေကြုတ်ကို အုတ်မြစ်တော် အလယ်ဗဟို၌ မြှုပ်နှံပေးသည်။

အုတ်မြစ်စီ

ထို့နောက် မင်္ဂလာအခါတော် ကျရောက်ချိန်တွင် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့်၊ တနင်္သာရီ ရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူးဗိုလ်မှူးကြီးဝင်းရှိန်၊ မြိတ်တပ်နယ်မှ ဗိုလ်မှူးကြီးဇင်သော်၊ အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဦးစောလွင်၊ မြိတ်တက္ကသိုလ် ဒုတိယ ပါမောက္ခချုပ် ဦးခင်မောင်ချို၊ ယုဇနဦးဌေးမြင့်နှင့် ရေလုပ်ငန်းရှင်ဦးလှသန်းတို့ကသတ်မှတ်နေရာအသီးသီးရှိ အုတ်မြစ်တော်နေရာများ၌ ရတနာအုတ်များကို အုတ်မြစ်စီပေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက အုတ်မြစ်တော်များ အလယ်ဗဟိုတွင် မော်ကွန်းကမ္ပည်း ကျောက်စာကို ဖုံးအုပ်ပေးပြီး အုတ်မြစ်တော်များကို နံ့သာရည်ပက်ဖျန်းပေးသည်။

ယင်းနောက် မြိတ်တက္ကသိုလ် ပင်မဆောင် ရတနာအုတ်မြစ်စီမင်္ဂလာအခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ရတနာရွှေမိုးငွေမိုး ရွာသွန်းဖြိုးပေးပြီး အခမ်းအနားသို့ တက်ရောက်လာကြသော မြိတ်တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံ ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ရှင်းလင်းဆောင်၌ မြိတ်တက္ကသိုလ် ပင်မဆောင်အဆောက်အအုံပုံစံငယ်ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအားမှာကြားကာ နံနက် ၉ နာရီခွဲတွင် မြိတ်တက္ကသိုလ်မှ ပြန်လည်ထွက်ခွာသွားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် တနင်္သာရီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် နံနက် ၁၀ နာရီတွင် မြိတ်မြို့ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည့် တနင်္သာရီတိုင်း စပါးစိုက်ဧက ငါးသိန်းပြည့်မီအောင် စိုက်ပျိုးရေးအတွက် လုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ရှေးဦးစွာ တနင်္သာရီတိုင်းပညာရေးမှူး ဦးသောင်းစိန်က တနင်္သာရီတိုင်း၏ ပညာရေး၊ သင်ကြားရေးဝန်ထမ်း အင်အား၊ ကျောင်းသားအင်အား၊ မာတိမီဒီယာသင်ကြားသင်ယူမှု အထောက်အကူပြုစာသင်ခန်းများ ဖွင့်လှစ်နိုင်မှု အခြေအနေများကိုရှင်းလင်းတင်ပြသည်။

ထို့နောက် တနင်္သာရီတိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဆွေဟိန်းက နိုင်ငံတော်၏ ကျန်းမာရေးလုပ်ငန်း ရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တနင်္သာရီတိုင်း အင်ဂျင်နီယာမှူးကြီး ဦးဘဝမ်းက တိုင်းအတွင်း လမ်းပန်းဆက်သွယ်မှုအခြေအနေ၊ မြိတ်-ထားဝယ် ပြည်ထောင်စု လမ်းမကြီး ဖောက်လုပ် တည်ဆောက်နေမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကိုရှင်းလင်းတင်ပြသည်။

ထို့နောက် စည်ပင်သာယာရေး ဦးစီးဌာန တနင်္သာရီတိုင်းစည်ပင်သာယာရေး ညွှန်ကြားရေးမှူး ဦးမြင့်ဦးက တိုင်းအတွင်းရှိ မြို့များ၌ မြို့တွင်းလမ်းများ၊ ကျေးလက်လမ်းများ၊ ကျေးရွာချင်းဆက်လမ်းများဆောင်ရွက်နိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

လယ်ယာကဏ္ဍ

ယင်းနောက် တနင်္သာရီတိုင်း မြေစာရင်းဦးစီးဌာနမှူး ဦးသန်းက တိုင်းအတွင်းလယ်ယာကဏ္ဍအကောင်အထည်ဖော်ရေးနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ရှင်းလင်းတင်ပြချက်များအပေါ် ပညာရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ တည်ဆောက်ရေးကဏ္ဍများနှင့် ပတ်သက်၍ မှာကြားဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ယခုအခါ နိုင်ငံတော်ကြီးကို စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်အဖြစ် ဆက်လက်ဖော်ဆောင်သွားနိုင်ရန် အမျိုးသားညီလာခံကို ကျင်းပလျက်ရှိကြောင်း အဆိုပါ အမျိုးသား ညီလာခံကြီးတွင် အဖွဲ့အစည်းပေါင်းစုံ၊ တိုင်းရင်းသား လူထုလူတန်းစားပေါင်းစုံတို့သည် တက်ညီလက်ညီ အင်တိုက်အားတိုက် ပါဝင်ဆွေးနွေးလျက်ရှိနေပြီဖြစ်ကြောင်း၊

တနင်္သာရီတိုင်းအတွင်းဒေသဝမ်းစာဖူလုံရေးနှင့်ပြည်ထောင်စုလမ်းမကြီးကို ရာသီမရွေးသွားလာနိုင်အောင်ဆောင်ရွက်ရမည်မှာ အဓိကဖြစ်ကြောင်း၊ တနင်္သာရီတိုင်းသည် ဖွံ့ဖြိုးတိုးတက်မှုအတန်ငယ်လိုအပ်နေသဖြင့် တိုင်းအတွင်းရှိ ပြည်သူများ၊ ဝန်ထမ်းများအနေဖြင့် ပုံမှန်လုပ်ဆောင်နေရုံဖြင့် မလုံလောက်ကြောင်း၊ နှစ်ဆ၊ သုံးဆပိုမိုလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ထို့အတူ ပြည်သူတစ်ရပ်လုံးက ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင်ပူးပေါင်းပါဝင်ဆောင်ရွက်လာကြစေရန် စည်းရုံးဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။ ထိုကဲ့သို့ပင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး(၅)ရပ်ကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရန် အောက်ခြေဖြစ်သော ကျေးလက်ဒေသအထိ ကွင်းဆင်း ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ မိမိဒေသဖွံ့ဖြိုးရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်တို့က အားကြိုးမာန်တက် ဆောင်ရွက်ကြရန် ဖြစ်ကြောင်းဖြင့် မှာကြားပြီး ညှိနှိုင်းအစည်းအဝေးကို မွန်းလွဲပိုင်းတွင်ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြန်မာ နိုင်ငံ အိုလံပစ် ကော်မတီ ဥက္ကဋ္ဌ၊ အားကစား ဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရ အေးမြင့် မြန်မာ နိုင်ငံ ဘော်လီ ဘောအဖွဲ့ချုပ်က ထောက်ပံ့ သော ပိုက်နှင့် ဘော လုံးများကို အမျိုး သားအသင်းများ ကိုယ်စား ရှမ်း ပြည်နယ်(တောင် ပိုင်း)အား ပေး အပ်စဉ်။(ကြေးမုံ)

အသက်(၁၉)နှစ်အောက် ဘော်လီဘောပြိုင်ပွဲ ဖွင့်လှစ် ပဏာမလက်ရွေးစင်များ လက်ရည်စမ်းပွဲကျင်းပ

ရန်ကုန် ဇွန် ၂၃

၂၀၀၄ ခုနှစ် ဒသမအကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အသက် (၁၉)နှစ်အောက် အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၃ နာရီက အောင်ဆန်းအားကစားပြိုင်ကွင်း မိုးလုံလေလုံခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့် တက်ရောက်ချီးမြှင့်ပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲ အခမ်းအနားသို့ အားကစားနှင့် ကာယပညာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးမောင်ကိုနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဦးဆောင်နာယက အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးထွန်းမြင့်နိုင်၊ အတွင်းရေးမှူး ဦးစိုးသိမ်းနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ၊ ပြိုင်ပွဲဝင်အသင်းများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ ပြိုင်ပွဲဝင်အသင်းများ ကွင်းအတွင်းနေရာယူကြပြီး မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က အဖွင့်အမှာစကားပြောကြားကာပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ ထို့နောက် ပြိုင်ပွဲဝင်အသင်းများ အားကစားသစ္စာအဓိဋ္ဌာန်ရွတ်ဆိုကြသည်။ ယင်းနောက် မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်က ပြိုင်ပွဲဝင်အသင်းများအား တစ်သင်းလျှင် ကျပ်ခုနစ်သောင်းတန်ဖိုးရှိ ပိုက်နှင့် ဘောလုံး၊ ပြိုင်ပွဲဝင်အသင်း စုစုပေါင်း ၁၉သင်းအတွက် ငွေကျပ် ၁၃သိန်းသုံးသောင်းတန်ဖိုးရှိ ပိုက်နှင့် ဘောလုံးများကို ထောက်ပံ့ပေးအပ်သည်။ အဆိုပါ အားကစားထောက်ပံ့ပစ္စည်းများကို ဝန်ကြီးက ပေးအပ်ချီးမြှင့်ရာ အမျိုးသမီးအသင်းများ ကိုယ်စား ရန်ကုန်တိုင်းအသင်း၊ အမျိုးသားအသင်းများ ကိုယ်စား ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းတို့က လက်ခံရယူကြသည်။

ပြိုင်ပွဲသို့ အမျိုးသား ကိုးသင်း၊ အမျိုးသမီး ၁၀သင်း ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ပြိုင်ပွဲကို ဇွန် ၃၀ရက်အထိ ကျင်းပမည် ဖြစ်သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် အဖွဲ့ချုပ် ပဏာမလက်ရွေးစင်အသင်းနှင့် (၁၃)ကြိမ်မြောက်အရှေ့တောင်အာရှ (လူငယ်) ဘော်လီဘောပြိုင်ပွဲဝင်မည့် အဖွဲ့ချုပ်ပဏာမလူငယ်လက်ရွေးစင်အသင်းတို့၏ လက်ရည်စမ်းပွဲကို ကျင်းပသည်။ (ကြေးမုံ)

❍ ရော်နယ်ဒိုမှ

ကွာတားဖိုင်နယ်သို့တက်ရောက်လာသော အိမ်ရှင်ပေါ်တူဂီနှင့်အင်္ဂလန်တို့၏ ရင်ဆိုင်ခဲ့ရပုံ အခြေအနေများသည် မတူကွဲပြားခြားနားသည်။ အိမ်ရှင်ပေါ်တူဂီသည် ပွဲထွက်တွင် ဂရိကိုရှုံးပြီး ကတည်းက မရေမရာနှင့် အုပ်စုကို ဖြတ်ကျော်ခဲ့ရသည်။ စပိန်အသင်း၏ ကောင်းမှုကြောင့် အိမ်ရှင်ပေါ်တူဂီ ယခုအဆင့်သို့ တက်ရောက်လာနိုင်ခြင်း ဖြစ်သည်။

အိမ်ရှင်ပေါ်တူဂီသည် နာမည်ကြီးသလောက် ခြေစွမ်းထက်သည်ကို မတွေ့ရ။ ကစားခဲ့သော သုံးပွဲတွင် ဘယ်ပွဲကောင်းသလဲဟု ထုတ်ပြရန် ခက်သည်။ လိမ်ဖယ်လိမ်ဖယ်ဖြင့် တက်လာသည်။ အင်္ဂလန်မှာ ထိုသို့မဟုတ်၊ တစ်ပွဲထက်တစ်ပွဲ ကောင်းလာသည်။ ဖွင့်ဆော်ဦးပွဲတွင် ပြင်သစ်ကို ရှုံးသော်လည်း အင်္ဂလန်၏ ကစားပုံကောင်းသည်။ အားရဖွယ်ဖြစ်သည်။

ကစားပုံကောင်းသကဲ့သို့ နည်းပရိယာယ်နှင့် နည်းဗျူဟာပိုင်းများတွင် အပြောင်းအလဲလုပ် ကစားသည်ကို တွေ့ရသည်။

နှစ်သင်းစလုံး၏ အားကစားသမားဖွဲ့စည်းမှုကိုကြည့်လျှင် ပေါ်တူဂီအသင်းက အားသာသည်ဟု ထင်ရသည်။ တကယ်တမ်း စစ်စစ်ပေါက်ပေါက် လေ့လာကြည့်လျှင် အချို့နေရာများတွင် အားနည်းနေသည်။ အင်္ဂလန်က သူ့နေရာနှင့်သူ သင့်တင့်လျောက်ပတ်သော တောင့်တင်းမှုများရှိနေသည်။ အသက်အရွယ် အပိုင်းအခြားနှင့် ယှဉ်ကြည့်လျှင် အင်္ဂလန်က ပိုပြီးနုပျိုလန်းဆန်းသည်။

အိမ်ရှင်ပေါ်တူဂီ၏ ရှေ့တန်းတွင် ပေါလက်တာ၊ နူနိုဂိုးမက်(သို့) ရော်နယ်ဒို တို့ရှိသည်။ အင်္ဂလန်မှာ ဝိန်းရွန်နေး၊ အိုဝင်၊ ဗက်ဆဲလ်နှင့် ဟက်စကီးတို့ရှိသည်။ ဗက်ဆဲလ်နှင့် ဟက်စကီးတို့သည် အရန်အဖြစ်သာ ကစားလေ့ရှိသည်။ အဓိကမှာ ရွန်နေးနှင့် အိုဝင်ဖြစ်သည်။ ပေါ်တူဂီ၏ရှေ့တန်းမှာ ရော်နယ်ဒိုမှ လွဲပြီး နူနိုဂိုးမက်နှင့် ပေါလက်တာတို့သည် အတွေ့အကြုံရင့်ကျက်သူများဖြစ်သည်။

အင်္ဂလန်ရှေ့တန်းက ပေါ်တူဂီလောက်ဝါမရင့်ပေ။ ဝါရင့်ကစားသမားက ဘေးတွင်ထိုင်နေသည်။ တကယ်တမ်း အင်္ဂလန်ရှေ့တန်းကိုကြည့်လျှင် အားကိုးလောက်ဖွယ်မရှိဟု ထင်ရသည်။ သို့သော် ကစားခဲ့သော သုံးပွဲစလုံးကိုကြည့်သည့်အခါ အင်္ဂလန်၏ ရှေ့တန်းက ပေါ်တူဂီထက် ကစားနိုင်သည်ကို တွေ့ရသည်။ ပို၍စွမ်းဆောင်နိုင်သည်။ ပေါ်တူဂီမှ ရော်နယ်ဒိုသည် သူ့နည်းသူ့ဟန်ဖြင့် ကောင်းသကဲ့သို့ အင်္ဂလန်မှ ရွန်နေးကလည်း ပုံစံတစ်မျိုးဖြင့် ခြေစွမ်းပြနိုင်သည်။ သမ္မာရင့်များပင် ရွန်နေးကို ထိန်းဖို့ခက်သည်။

ပေါ်တူဂီ၏ အလယ်တန်းမှာ ဒေကို၊ ဖီဂို၊ ပီတစ်(သို့)ကော်စတင်ညာ၊ ရူအီကော်စတာ၊ မန်နီချီတို့ရှိသည်။ အင်္ဂလန်၏အလယ်တန်းမှာဘက်ဟမ်း၊ ဂျရတ်၊ လမ်းပတ်၊ ပေါလ်စခိုးလ်(သို့)နီကီဘတ် တို့ကစားလေ့ရှိသည်။ ပေါ်တူဂီမှ ပီတစ်၊ ကော်စတင်ညာ၊ ရူအီကော်စတာနှင့်အင်္ဂလန်မှဘက်ဟမ်း၊ ပေါလ်စခိုးလ်တို့ ခြေရည်တူလောက်တွက်လျှင်တွက်၍ရသည်။ ဟိုဘက်သည်ဘက် လှုပ်ရှားကစားကြသည့် ပေါ်တူဂီမှ ဖီဂိုနှင့်ဒေကို၊ အင်္ဂလန်မှ ဂျရတ်၊ လမ်းပတ် (အချို့ပွဲများတွင် ပေါလ်စခိုးလ်ဖြစ်တတ်သည်) ရှိကြသည်။ ပေါ်တူဂီမှ ဖီဂိုရှိနေသောကြောင့် သမ္မာအရသာသည်။ သို့သော်ဂျရတ်နှင့် လမ်းပတ်တို့သည် တက်သစ်စလူငယ်အလယ်တန်းများ ဖြစ်သောကြောင့် လျှော့တွက်၍မရ။

အင်္ဂလန်၏ အလယ်တန်းမှာ ပေါ်တူဂီထက်အားသာသည့် အချက်တစ်ချက်ရှိသည်။ ယင်းမှာ ဘက်ဟမ်းပဲဖြစ်သည်။ ဘက်ဟမ်း၏ ဘောလုံး ဖြတ်တင်ပို့မှုများသည် ပေါ်တူဂီမှဖီဂိုနှင့်ယှဉ်ယှဉ်၊ အခြားဘယ်ကစားသမားနှင့်ပဲယှဉ်ယှဉ် ယှဉ်၍မရချေ။ ဘက်ဟမ်း၏ ဖြတ်တင်ဘောများသည် တိတိကျကျရှိသည်။ မှန်ကန်သည်။ ဒီတစ်ချက်မှာတော့ အိမ်ရှင်ပေါ်တူဂီ လုံးဝလိုက်မမီ။

အင်္ဂလန်နောက်တန်းတွင် ဂရီနဗီးလ်၊ ဂျွန်တယ်ရီ(သို့) လက်ဒလေကင်း၊ ဆိုးကင်းဘဲလ်၊ အက်ရှ်လေကိုးလ် တို့ရှိသည်။ ပေါ်တူဂီမှာ ကူတို၊ ရှူးဂျော့(ချ်)၊ အန်ဒရာဒီ၊ ဖရဲရား စသည်တို့ ကစားလေ့ရှိသည်။ နောက်ကာဗယ်ဟို၊ နူနိုဗလန်တီတို့ကိုလည်း သုံးလေ့ရှိသည်။ လောလောဆယ် အနေအထားမှာ အင်္ဂလန်နောက်တန်း တည်ငြိမ်မှုရှိသည်။ ပေါ်တူဂီက သုံးပွဲစလုံး အပြောင်းအလဲများနှင့် မတည်မငြိမ်ဖြစ်နေသည်။

တစ်သင်းစီကို ခြုံကြည့်ရာတွင် အင်္ဂလန်၏အရှေ့၊ အလယ်၊ အနောက်တို့သည် တည်ငြိမ်မှုနှင့် စွမ်းဆောင်ရည်ကောင်းသည်။ အိမ်ရှင်ပေါ်တူဂီ ထက်လည်းပိုကောင်းသည်။ ပေါ်တူဂီ၏ နောက်တန်းသည် ပွဲတိုင်းတွင် ပေါက်နေသည်ကို သတိထားမိသည်။ အထူးသဖြင့် ပေါ်တူဂီ၏ နောက်တန်းအလယ်သည် အထနှေးပြီး ပြိုင်ဘက်ရှေ့တန်းများကို မထိန်းနိုင်ဘဲရှိသည်။

ပြိုင်ဘက်အသင်းများက အလယ်ဗဟိုတည့်တည့်မှ တစ်ချက်ထိ ဆွဲထုတ်ထွက်ရာတွင်လည်းကောင်း၊ ဖြတ်ထိုးပြီးပေးရာတွင်လည်းကောင်း နောက်ကျနေလေ့ရှိသည်။ ဂရိနှင့်စပိန်တို့ပွဲတွင် အထင်အရှားတွေ့ရသည်။ ၎င်းအားနည်းချက်ကို ယနေ့တိုင် အိမ်ရှင်ပေါ်တူဂီ ပြင်ဆင်ဖာထေးနိုင်ခြင်း မရှိသေးချေ။

များသောအားဖြင့် ပေါ်တူဂီ၏ ထိုးစစ်သည်ဘေးစွယ်များမှဖြစ်သည်။ ရံဖန်ရံခါ အလယ်ကောင်တည့်တည့်မှ ထိုးဖောက်တတ်သည်။ ယနေ့ ယူရို-၂၀၀၄ပြိုင်ပွဲဝင်သည့် အင်္ဂလန်အသင်း၏ ထိုးဖောက်ချက်များသည် အလယ်ကြောမှ ထိုးဖောက်ကစားသည်။ တစ်ခါတစ်ရံ ဘေးဘက်မှ ဖြတ်တင်ခြင်းနှင့် မြေပြင်ထိုးဖောက်ချက်များကို အသုံးပြုသည်။

နှစ်သင်းစလုံး၏ ကစားခဲ့သောပွဲများကို လေ့လာကြည့်ရာတွင် တစ်သင်းနှင့် တစ်သင်း နည်းပရိယာယ် ကစားပုံများ မတူသည်ကို တွေ့ရသည်။ ဒေကိုနှင့် ဖီဂိုတို့သည် ကွင်းလယ်မှ ဘယ်ညာအပြောင်းအလဲလုပ် ကစားသည်။ တစ်ခါတစ်ရံ ဖီဂိုအစား ရော်နယ်ဒို လှုပ်ရှားလေ့ရှိသည်။ ဖီဂိုက အလယ်တည့်တည့်မှ လျှပ်တစ်ပြက် ဝင်ပိတ်တတ်သည်။ အင်္ဂလန်က ပေါလ်စခိုးလ်၊ ဂျရတ်၊ လမ်းပတ်တို့ကို အရှင်လှုပ်ရှားကစားခိုင်းသည်။ အသေတစ်သတ်မတ်တည်းမထားဘဲ ကစားစေသည်။ ဘက်ဟမ်းမှာ ယနေ့အထိ ခြေစွမ်းမပြနိုင်သေးဘဲရှိသည်။ ဘယ်လိုအခန်းကဏ္ဍကနေ ဘက်ဟမ်းလှုပ်လာမလဲဆိုတာ မှန်းဆဖို့ခက်သည်။

နည်းပြဆရာနှစ်ယောက်မှာ လူတော်များဖြစ်ကြသည်။ စကိုလာရီထက် အဲရစ်ဆန်၏ ဉာဏ်ကစားမှုကို ပိုသဘောကျသည်။ အဲရစ်ဆန်၏ ဉာဏ်ကစားမှုက အဆင့်မြင့်ပြီး မှန်းဆဖို့ခက်သည်။ ယခုပွဲတွင် အဲရစ်ဆန် တစ်မျိုးတစ်ဖုံ လုပ်လာဦးမည်ဖြစ်သည်။ စကိုလာရီ၏ ကစားကွက်၊ နည်းဗျူဟာ၊ နည်းပရိယာယ်က ကုန်နေပြီဖြစ်သည်။

သို့သော် အဲရစ်ဆန်မှာ ဉာဉ်တစ်ခုရှိသည်။ ၎င်းဉာဉ်မှာ နိုင်လာသည့်အခါ ခံစစ်ကို ပြောင်းလဲကစားစေတတ်ခြင်း ဖြစ်သည်။ စကိုလာရီကတော့ ဒါမျိုး ဘယ်တော့မှ မလုပ်တတ်ချေ။ အဲရစ်ဆန်၏ ဉာဉ်ကြောင့် အင်္ဂလန်အသင်းသည် အနိုင်မှသရေ(သို့မဟုတ်) အရှုံးဖြစ်သွားတတ်သည်။ ပေါ်တူဂီက ကွင်းလယ်မှနေပြီး ကစားကွက်များ လုပ်ပြီး ထိုးဖောက်ဖွယ်ရှိသည်။ အင်္ဂလန်က ခံစစ်ကို လုံခြုံအောင် တည်ဆောက်ပြီး တန်ပြန်တိုက်စစ်ဖြင့် ကစားသွားဖို့ အလားအလာများသည်။ နောက်တစ်ချက်မှာ နှစ်သင်းစလုံး မတိုးသာ၊ မဆုတ်သာဖြစ်နေကြလျှင် ထောင့်ကန်ဘောမှ တစ်ဆင့်သော်လည်းကောင်း၊ အလွတ်တည်ကန်ဘောမှသော်လည်းကောင်း ဂိုးရအောင် ကြိုးစား ကြလိမ့်မည်ဖြစ်သည်။

နိဂုံးချုပ်ပြောရလျှင် နှစ်သင်းစလုံး၏ ကစားခဲ့သောပွဲများအရအင်္ဂလန်အသင်း အနိုင်ရနိုင်ဖွယ်ရှိနေသည်။ (ကြေးမုံ)

မယ်နှင့်မောင် စာပေတိုက်မှ ဦးကျော်ဇေယျ ရေးသားပြုစုသော "သေသွားသည့်တိုင်"နှင့် အခြား ဓမ္မစာအုပ်များ (ကျပ်တစ်သိန်းဖိုး)ကို ဓမ္မဒါနအဖြစ် ပေးအပ်လှူဒါန်းရာ အဘိဓမ္မာ ပြန့်ပွားရေးအသင်းကြီး၏ ပိဋကတ်စာကြည့်တိုက်အတွက် အသင်းအမှုဆောင် ဦးစိုးသိမ်းက လက်ခံရယူစဉ်။

(က-ပ)

ဆွီဒင်နှင့်ဒိန်းမတ် သရေကျပြီး ကွာတားတက် အီတလီအနိုင်ရသော်လည်း အုပ်စုမှထွက်ရ

ရန်ကုန် ဇွန် ၂၃

ယူရို - ၂၀၀၄ ဘောလုံးပြိုင်ပွဲ အုပ်စု(ဂ) နောက်ဆုံးပွဲစဉ်များကို ယနေ့နံနက် ၁နာရီ ၁၅မိနစ်က ပေါ်တူဂီနိုင်ငံတွင် ကျင်းပရာ ဆွီဒင်နှင့် ဒိန်းမတ်တို့ နှစ်ဂိုးစီသရေကျပြီး အီတလီက ဘူဂေးရီးယားကို အကြိတ်အနယ် ကစားကာ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရသွားသည်။

ယင်းအုပ်စုတွင် နာမည်ကြီး အီတလီအသင်းသည် ဘူဂေးရီးယားကို မိနစ်၉၀ပြည့်ချိန်တွင် အနိုင်ဂိုးသွင်းပြီး အနိုင်ရရှိခဲ့သော်လည်း ဆွီဒင်နှင့်ဒိန်းမတ်တို့ သရေကျသွားသဖြင့် ကွာတားဖိုင်နယ်သို့ တက်ခွင့်မရဘဲ အုပ်စုမှထွက်ခဲ့ရပြီဖြစ်သည်။

အုပ်စု(ဂ)တွင် ဆွီဒင်၊ ဒိန်းမတ်နှင့် အီတလီတို့သည် တစ်ပွဲစီနိုင်၊ နှစ်ပွဲစီသရေဖြင့် ငါးမှတ်စီတူညီနေကြသော်လည်း ဂိုးကွာခြားချက်အရ ဆွီဒင်က အုပ်စုပထမရပြီး ဒိန်းမတ်က အုပ်စုဒုတိယရကာ ကွာတားဖိုင်နယ်သို့ တက်ရောက်သွားခဲ့သည်။

ကွာတားဖိုင်နယ် ရှုံးထွက်ပွဲစဉ်များကို ဇွန် ၂၅ရက် နံနက် ၁နာရီ၁၅မိနစ်တွင် စတင်ကျင်းပမည်ဖြစ်ရာ ပထမကွာတားဖိုင်နယ်အဖြစ် အိမ်ရှင်ပေါ်တူဂီနှင့် အင်္ဂလန်တို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ဇွန် ၂၆ရက် နံနက် ၁နာရီ ၁၅မိနစ်တွင် ဒုတိယကွာတားဖိုင်နယ်အဖြစ် ပြင်သစ်နှင့် ဂရိတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(ကြေးမုံ)**



အကောင်းဆုံးဆုရှင်

ယူရို-၂၀၀၄ အုပ်စု(ဂ) ဆွီဒင်နှင့် ဒိန်းမတ်တို့ပွဲတွင် တစ်ဦးတည်း နှစ်ဂိုးသွင်းကာ ပွဲစဉ်အလိုက် အကောင်းဆုံးဆု ရရှိသွားသည့် ဒိန်းမတ်အသင်းမှ ဂျွန်ဒယ်လ်တိုမာဆင်အား ဒုတိယဂိုးသွင်းအပြီး တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပွဲစဉ်များပြီးဆုံးသွားသည့် အုပ်စု(ဂ)မှ အသင်းများ၏အခြေအနေ

အုပ်စု(ဂ)	ကစားပြီး	နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	ရမှတ်
ဆွီဒင်	၃	၁	၂	၀	၈	၃	၅
ဒိန်းမတ်	၃	၁	၂	၀	၄	၂	၅
အီတလီ	၃	၁	၂	၀	၃	၂	၅
ဘူဂေးရီးယား	၃	၀	၀	၃	၁	၉	၀

(ပ-၅)၈မြကွက်(စုပေါင်းပိုင်ဆိုင်ခွင့်)

ဖုန်း ● 09-80 34015

မွေးနေ့ဆုတောင်း

မောင်အေးမင်း(ခ)အံ့မင်းညို၏ ၂၄-၆-၂၀၀၄ရက်နေ့တွင် ကျရောက်သော မွေးနေ့မှသည် နှစ်တစ်ရာတိုင် မိသားစုနှင့်အတူ ချမ်းမြေ့ပျော်ရွှင်သော ဘဝခရီးလမ်းကို လျှောက်လှမ်းနိုင်ပါစေ။

ဖေဖေ– ဦးညွန့်လှိုင် + မေမေ–ဒေါ်အုန်းမြင့်

ကိုကြီး၊ ကိုလတ်၊ မော်ကြီး၊ သီလေး၊ ဦးဉာဏ်၊ အောင်ထွန်းလေး၊ ချယ်လေး။

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၂၃-၆-၂၀၀၄)

ကျောက်တော်	–	၉၁ သမ ၈၄လက်မ
တောင်ငူ	–	၂၁ သမ ၆၀လက်မ
အမ်း	–	၂၁ သမ ၄၄လက်မ

SUCCESS LANGUAGE ACADEMY

SPOKEN ENGLISH	7:30 - 9:00 a.m.	28.6.04	Mon to Thu
	1:00 - 3:00 p.m.	3.7.04	Sat + Sun
INTERMEDIATE ENGLISH	6:00 - 7:30 p.m.	6.7.04	Tue to Fri
	10:00 - 12:00 a.m.	8.7.04	Thu to Sat

ဖုန်း ⇨ 202046

B.A(Eng)

SUPER-A-ONE

Interview

Tourism, Hotel, Company, Student Visa, Grammer.

511231

ဆဲဗင်းဒေးနယူးစ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၁၄) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇွန် ၂၃

သမဝါယမဘဏ် လီမိတက်အများနှင့်ဆိုင်သော ကုမ္ပဏီအဖြစ် ပြောင်းလဲဖွဲ့စည်း အများပြည်သူကို အစုရှယ်ယာများ မကြာမီရောင်းချမည်၊ အာဆီယံ–တရုတ် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပထမအကြိမ် ထိပ်သီးအစည်းအဝေး ကျင်းပမည်၊ အပေါ့စားထရပ်ကားများ မော်လမြိုင်စက်မှုဇုန်မှ ထုတ်တော့မည် စသည့် ပြည်တွင်းရေးရာသတင်း ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

စစ်တမ်းအရ အီရတ်ပြည်သူများ အမေရိကန်ကိုဒေါသဖြစ်နေ၊ အလွန်ကြီးမားသော အနီရောင်ဒီရေ တရုတ်မြစ်ဝါမြစ် ကမ်းခြေကို ခြိမ်းခြောက်၊ သမ္မတဟောင်း ကလင်တန်၏ မော်ကွန်းရုပ်ရှင်ပွဲထုတ်ပွဲသို့ လူထောင်ချီဝင်ရောက်လာ၊ သားမြတ်ကင်ဆာဆေးဝါးသည် အသက်ကယ်ဆေးဖြစ်နေ စသည့် နိုင်ငံတကာရေးရာ သတင်းဆောင်းပါး စုံလင်စွာကို e-Empire Media House ဖုန်း–၇၀၃၈၁၃ က မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိလိုက်သည်။ (က–ပ)

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်ထွန်းထွန်းလတ်၏ နိုင်ငံကူးလက်မှတ်အမှတ်–၃၉၂၆၁၃မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့ပါရန်။ **ဖုန်း–၂၉၂၉၉၁။**

လှမ်းမိုးသူ

ခရီးဆောင်သေတ္တာ(Luggage) နှင့်

လွယ်အိတ်များ(Slingbag)၊ ကျောပိုးအိတ်များကို

(၂၁-၆-၂၀၀၄ မှ ၂၀-၇-၂၀၀၄)

Shop (1) No. G1-2

Shop (2) No. A, 11.12

Shop (3) No. SP 6, 8

MONSOON SALES

ခရစ်(စ်)လိုက်

မိုးရာသီအထူးဈေးရောင်းပွဲတော်

Swarovski Crystal Chandelier

Decorative Lighting

Outdoor Lighting

Functional Lighting

Industrial Lighting

SALE

Special Price

Up To 80% OFF

(Selected items only)

From 25th June to 04th July 2004

Great Bargains! Great Saving!

HURRY DOWN!



WHILST STOCKS LAST!

Wai Wai Entertainment Group

promotion

မဟာမြိုင်ဆိုတာ ဘယ်နေရာမှာလဲ? မဟာမြိုင်မှာ ဘာတွေ ရှိသလဲ? ဘယ်လိုသွားရမလဲ? ဘယ်သူတွေ ရှိသလဲ? မဟာကမ္ဘာ့ခရီးစဉ်

မင်းသိခ်

မဟာမြိုင်ခရီးသည်

၂၀၀၄ ခုနှစ်၊ ဇွန်လ(၂၅) ရက် (သောကြာနေ့) တွင် တတိယအကြိမ် (ပထမပိုင်း နှင့် ဒုတိယပိုင်း)

တစ်ပြိုင်တည်း ထွက်ပြီ။

ဖုန်း-၀၁-၂၅၁၁၁၉

MOTHER LANDဆောက်လုပ်ရေး နှင့် U.C.Gဆောက်လုပ်ရေးတို့မှ ပူးပေါင်းဆောက်လုပ်ပြီးစီးသည့်တိုက်ခန်းများကို



အမှတ်(၁၃၀/၁၃၂)

8	ရောင်းရန်	ရောင်းရန်
7	ရောင်းရန်	ရောင်းရန်
6	ရောင်းရန်	ရောင်းရန်
5	ရောင်းရန်	
4		
3		
2		
1		
	25'×60'	25'×60'

8		ရောင်းရန်
7		ရောင်းရန်
6	ရောင်းရန်	ရောင်းရန်
5		
4		
3		
2		ရောင်းရန်
1	ရောင်းရန်	ရောင်းရန်
	25'×60'	25'×60'

8		
7		ရောင်းရန်
6		
5		
4		
3		
2		ရောင်းရန်
1		
	17'×70'	17'×70'

8		
7		
6	ရောင်းရန်	
5		
4		
3		
2		ရောင်းရန်
1		ရောင်းရန်
	17'×70'	17'×70'

8	ရောင်းရန်
7	ရောင်းရန်
6	
5	
4	
3	
2	
1	
	24'×60'

ညှိနှိုင်းစနစ်ဖြင့် ရောင်းချပေးနေပါသည်။

(BCC)

Phone : 245029, 248913, 204058, 290810, 682997.

Fax : 204058.

E-mail : utm@whitecloud.com.mm

Website : www.motherlandconstruction.com

ဓမ္မာစရိယသင်တန်းပို့ချ

ကလေး ဇွန် ၂၂

စစ်ကိုင်းတိုင်း ကလေးမြို့ အောင်သစ္စာရပ်ကွက် မဟာသန္တာရုံကျောင်းတိုက်တွင် ဘဒ္ဒန္တပုညသေဋ္ဌ၏ ဩဝါဒကို ခံယူ၍ ကျော်လေးကျော် မဏ္ဍိုင်ဦးသူရက ဓမ္မာစရိယတန်းဆိုင်ရာ အဋ္ဌသာလိနီ ကျမ်းစာသင်တန်းကို နေ့စဉ် နံနက် ၈ နာရီမှ ၉ နာရီ၊ မွန်းလွဲ ၃ နာရီမှ ၄ နာရီထိ တစ်နေ့လျှင် နှစ်ကြိမ် ဇွန် ၂၂ ရက်မှ ဇူလိုင် ၂၂ ရက်ထိ သင်ကြားပို့ချ ပေးလျက်ရှိရာ ဓမ္မာစရိယတန်း ဝင်ရောက်ဖြေဆိုကြမည့် ရဟန်း၊ သာမဏေ၊ သီလရှင်များ တက်ရောက် သင်ယူနိုင်ကြောင်း သိရသည်။ **(က–ပ)**

ရောဝတီတိုင်း ကျုံပျော်မြို့ ဝေဠုဝန်ပရိယတ္တိ စာသင်တိုက်ကြီးအတွင်း ဆောက်လုပ်မည့် အဆောက်အအုံအတွက် ရန်ကုန်မြို့ ဘောက်ထော်ရပ်နေ ဦးစိုးထွန်းလင်း (ဒု–ညွှန်မှူး၊ အိုးအိမ်)နှင့် ဇနီး ဒေါ်ခင်နွယ်ထွေး၊ သမီး နန်းခိုင်ဖုလင်း မိသားစုတို့က ငွေကျပ် ၁၀ သိန်းကို ဇွန် ၁၀ ရက်က နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ပဓာန နာယကဆရာတော် ဘဒ္ဒန္တကုဏ္ဍိဘိဝံသထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

မြို့နယ်သတင်းများ

မြိတ်မြို့၌ ပညာသင်စရိတ်ထောက်ပံ့ငွေ ပေးအပ်ပွဲကျင်းပ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး တက်ရောက်ချီးမြှင့်

မြိတ် ဇွန် ၁၄

တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့နှင့် မြိတ်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ ချို့တဲ့ကလေး ပညာသင်စရိတ် ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို မြိတ်မြို့ ပုလဲရတနာ အစည်းအဝေးခန်းမ၌ ဇွန် ၃ ရက် နံနက် ၉ နာရီတွင် ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့် တက်ရောက်ချီးမြှင့် အမှာစကားပြောကြားသည်။

ရှင်းလင်း

ထို့နောက် တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ကြီးကြပ်မှုကော်မတီ နာယက တိုင်းမှူး၏ ဇနီး ဒေါ်နုနုဆွေနှင့် တိုင်းပညာရေးမှူး ဦးသောင်းစိန်တို့က ချို့တဲ့ကလေး ပညာသင်စရိတ် ထောက်ပံ့ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

လှူဒါန်း

ထို့နောက် မူလတန်း၊ အလယ်တန်း၊ အထက်တန်း ကျောင်းသား၊ ကျောင်းသူများအတွက် အလှူငွေများကို အဆောင်ကောင်းကုမ္ပဏီက ငွေကျပ် ၁၅ သိန်း၊ စေတနာရှင်များက လှူဒါန်းငွေ ကျပ်လေးသိန်း လှူဒါန်းငွေ စုစုပေါင်း ကျပ် ၁၉ သိန်းလှူဒါန်းပြီး ကျောင်းသူ၊ ကျောင်းသား ၂၈၁ ဦးအား ထောက်ပံ့ငွေကျပ် ၂၄၂၄၀၀ နှင့် ကျောင်းသုံးစာအုပ်နှင့် ဗလာစာအုပ်များ လှူဒါန်းခဲ့ကြောင်း သိရသည်။ **(၂၇၈)**

မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပ

လှိုင်လင် ဇွန် ၁၂

လှိုင်လင်တပ်နယ်က ကြီးမှူးကျင်းပသော မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၁၂ ရက် နံနက် ၇ နာရီက လှိုင်လင်ခရိုင်ပင်လုံတက္ကသိုလ်ကျောင်းရှေ့ ၁၀ မိုင် စိုက်ခင်းတွင် ကျင်းပသည်။

တက်ရောက်

သစ်ပင်စိုက်ပျိုးပွဲတော်တွင် လှိုင်လင်တပ်နယ်မှ ဗိုလ်မှူးကြီး သောင်းအေး၏ ဇနီး ဒေါ်သင်းမျိုးမျိုးအောင်နှင့် ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ နည်းဗျူဟာမှူး ဗိုလ်မှူးကြီးသာအောင်၊ ဒေသခံတပ်မှ တပ်ရင်းမှူး ဗိုလ်မှူး ထွန်းထွန်းအုန်းတို့ ဦးဆောင်သည့် အရာရှိ၊ အရာခံ၊ အကြပ်စစ်သည်များနှင့် မိသားစုများ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးအေးမောင်ကြည်နှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အမှုဆောင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်နေ ပြည်သူများ **(အောက်ပံ့)** စုစုပေါင်း အင်အား ၁၀၀၀ ကျော် တက်ရောက် စိုက်ပျိုးခဲ့ကြသည်။

အဆိုပါ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်တွင် သစ်ဆိမ့်ပင်အပါအဝင် ပျိုးပင်ပေါင်း ၅၀၀၀ ကျော်ကို အိုးစည်ဒိုးပတ် အကအခုန်များဖြင့် တပျော်တပါး စိုက်ပျိုးခဲ့ကြောင်း သိရသည်။ **(က–ပ)**

တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမြင့်ဦးနှင့် အဖွဲ့ဝင်များ ဇွန် ၁ ရက်က ကော့သောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဘုရင့်နောင်ဈေးအား သွားရောက်ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ဂြိုဟ်တုဆက်သွယ်ရေး တယ်လီဖုန်း တပ်ဆင် မြန်မာတစ်နိုင်ငံလုံးသို့ အလွယ်တကူ ဆက်သွယ်နိုင်

ပင်လယ်ဘူး ဇွန် ၁၅

စစ်ကိုင်းတိုင်း ပင်လယ်ဘူးမြို့ မူးမြစ်ဖျား အထွေထွေ စီးပွားရေးလုပ်ငန်း သမဝါယမအသင်းစု လီမိတက်က မြို့နယ်လူထု လိုအပ်ချက်အား ဖြည့်ဆည်းကူညီရေးအတွက် အိုင်ပီစတား ဂြိုဟ်တုဆက်သွယ်ရေးစနစ် တယ်လီဖုန်း ဆက်သွယ်တပ်ဆင်ရေးလုပ်ငန်းကို ဇွန် ၄ ရက် နံနက် ၈ နာရီက စတင်လက်ခံဆောင်ရွက်ပေးသည်။

